စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်၊ သွင်းကုန်နှင့် ရေထွက်ပစ္စည်းတင်ပို့မှုဆိုင်ရာ အစီရင်ခံစာ တင်ပြခြင်း

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ )

ရက်စွဲ ၂၃-၁-၂၀၂၃

# မာတိကာ


| | | |
|---|---|---|
| (က) | နိဒါန်း | ၁ |
| (ခ) | ရည်ရွယ်ချက် | ၂ |
| (ဂ) | ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက် | ၂ |
| (ဃ) | **၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက်မှ ဒီဇင်ဘာလ (၃၀) ရက်ထိ ပို့ကုန်တင်ပို့မှု အခြေအနေ** | ၃ |
| | ၁။ လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ | ၃-၇ |
| | ၂။ ဆီထွက်သီးနှံတင်ပို့မှုအခြေအနေ | ၇ |
| (င) | ပို့ကုန်အုပ်စုအလိုက်တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၇-၉ |
| (စ) | ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget ပို့ကုန်တင်ပို့မှု နှိုင်းယှဉ်ချက် | ၉ |
| (ဆ) | ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၀၂၁ ကာလတူ (အောက်တိုဘာလ မှ မတ်လထိ) ပို့ကုန်တင်ပို့နိုင်မှု နှိုင်းယှဉ်ချက် | ၁၀ |
| (ဇ) | ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ | ၁၀-၁၁ |
| (ဈ) | (၅) နှစ်တာကာလအတွင်း ပြည်ပမှသွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ချက် | ၁၁-၁၂ |
| (ည) | ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက်မှ ဒီဇင်ဘာလ (၃၀)ရက်ထိ သွင်းကုန်တင်သွင်းမှု အခြေအနေ | ၁၂ |
| | ၁။ လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ | ၁၂-၁၄ |
| (ဋ) | သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၁၅ |
| (ဌ) | ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက် | ၁၆ |
| (ဍ) | ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၀၂၁ ကာလတူ (အောက်တိုဘာ မှ မတ်လ) သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက် | ၁၇-၁၈ |
| (ဎ) | သုံးသပ်ချက် | ၁၉-၂၁ |
| (ဏ) | နိဂုံး | ၂၁ |
| (တ) | နောက်ဆက်တွဲဇယားများနှင့် နောက်ဆက်တွဲပုံများ | |


# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ အစီရင်ခံစာ

## (၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ)

### (က) နိဒါန်း

မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပပို့ကုန်တင်ပို့မှုနှင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတို့တွင် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေရာ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များအရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ထိ (၁၀) နှစ်တာ ကာလအတွင်း နိုင်ငံ၏ ပို့ကုန်အမယ်အုပ်စု (၇) ခုအနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေဒုတိယ အများဆုံး ရရှိနေသည်ကို တွေ့ရှိရသည်။ (နောက်ဆက်တွဲဇယား-က၊ ပုံ-၁)




ပုံ (၁)။ ၂၀၁၅-၁၆ မှ ၂၀၂၂-၂၃ (၁-၄၂၀၂၂ မှ ၃၀-၁၂-၂၀၂၂) ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုး

## (ခ) ရည်ရွယ်ချက်

(၁) လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယား များအား အချိန်နှင့် တပြေးညီ သိရှိနိုင်စေရန်၊

(၂) မူဝါဒချမှတ်ခြင်းနှင့် သုတေသနစာတမ်းများပြုစုခြင်းတို့အတွက် အထောက်အကူ ပြုစေရန်။

## (ဂ) ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက်

ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပ ပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၁,၉၉၈.၅၅) သန်းရှိသည့်အနက် လယ်ယာထွက် ကုန် အနေဖြင့် (၂,၉၂၈.၁) သန်းရှိခဲ့သည်ကိုတွေ့ရပြီး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန် တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၅,၃၆၃.၂၈) သန်းတွင် လယ်ယာထွက်ကုန် အနေဖြင့် (၄,၆၂၄.၂) သန်းရှိခဲ့ပါသည်။ (နောက်ဆက်တွဲဇယား-က)။ လယ်ယာထွက်ကုန်ပါဝင်မှုမှာ ရာခိုင် နှုန်းအားဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်(၂၄%)၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တွင် (၃၀%) ရှိခဲ့ သောကြောင့် ပါဝင်မှုရာခိုင်နှုန်း (၆%) တိုးမြင့်လာခဲ့ပါသည်။ (ဇယား-၁၊ နောက်ဆက်တွဲ ပုံ-၁)

သို့ဖြစ်၍ ၂၀၁၆-၁၇ မှ ၂၀၂၀-၂၁ ထိ (၅) နှစ်တာကာလအတွင်း စုစုပေါင်း ပို့ကုန်တန်ဖိုး မှာ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၃,၃၃၆.၇၄) သန်း နှင့် လယ်ယာထွက်ကုန် ပို့ကုန်တန်ဖိုး မှာ ဒေါ်လာ (၁,၆၉၆.၁)သန်း တိုးတက်ရရှိခဲ့သည်။ (နောက်ဆက်တွဲဇယား-က)

ဇယား (၁) - ပို့ကုန်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှုရာခိုင်နှုန်းအခြေပြဇယား

ပါဝင်မှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini budge) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၂ (Mini Budget) (အောက် မှ မတ်) | ၂၀၂၂-၂၃ (၁-၄-၂၀၂၂)မှ (၃၀-၁၂-၂၀၂၂ )ထိ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃% | ၂၄% | ၂၁% | ၁၄% | ၁၉% | ၂၁% | ၃၀% | ၂၉% | ၂၁.၇၃% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၀.၁% | ၀.၁% | ၀.၄% | ၂% | ၂% | ၁% | ၀.၁% | ၀.၀၆% | ၀.၁၅% |
| ၃ | ရေထွက်ပစ္စည်း | ၄% | ၅% | ၅% | ၃% | ၄% | ၅% | ၅% | ၆% | ၄.၄၁% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉% | ၈% | ၁၂% | ၁၂% | ၉% | ၁၁% | ၆% | ၃% | ၁.၇၉% |
| ၅ | သစ်တောထွက်ပစ္စည်း | ၂% | ၂% | ၁% | ၁% | ၁% | ၁% | ၁% | ၁% | ၀.၉၅% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၁% | ၄၆% | ၄၇% | ၅၃% | ၆၀% | ၅၆% | ၅၄% | ၅၇% | ၆၈.၀၆% |
| ၇ | အခြားပစ္စည်း | ၁၀% | ၁၅% | ၁၄% | ၁၅% | ၅% | ၅% | ၄% | ၄% | ၂.၉၁% |
| | စုစုပေါင်း | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |

## (ဃ)၂၀၂၂ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဒီဇင်ဘာလ(၃၀) ရက်ထိ ပို့ကုန်တင်ပို့မှု အခြေအနေ

အစီရင်ခံကာလအတွင်း ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက် ဒီဇင်ဘာလ(၃၀) ရက်ထိ **ပို့ကုန်တင်ပို့မှု စုစုပေါင်း** အမေရိကန်ဒေါ်လာ (၁၂,၄၄၄.၆၄) သန်းတွင် လယ်ယာထွက်ပစ္စည်း ဒေါ်လာ (၂,၇၀၃.၉၃) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ဒေါ်လာ (၁၈.၇၃) သန်း၊ ရေထွက်ပစ္စည်း ဒေါ်လာ (၅၄၈.၇၃) သန်း၊ သတ္တုတွင်းထွက်ပစ္စည်း ဒေါ်လာ (၂၂၂.၃၄) သန်း၊ သစ်တောထွက်ပစ္စည်း ဒေါ်လာ (၁၁၈.၇၄) သန်း၊ စက်မှုကုန်ချောပစ္စည်း ဒေါ်လာ (၈,၄၇၀.၀၀) သန်းနှင့် အခြားပစ္စည်း ဒေါ်လာ (၃၆၂.၁၇) သန်း ပါဝင်ခဲ့ပါသည်။ (နောက်ဆက်တွဲဇယား-က)

**လယ်ယာကဏ္ဍတင်ပို့မှု**အနေဖြင့် လယ်ယာထွက်ပစ္စည်း အမေရိကန်ဒေါ်လာ (၂,၇၀၃.၉၃၀) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ဒေါ်လာ (၁၈.၇၂၆) သန်း၊ ရေထွက်ပစ္စည်း ဒေါ်လာ (၅၄၈.၇၃၁) သန်းခန့် ရရှိခဲ့သည့်အတွက် လယ်ယာကဏ္ဍ (**လယ်ယာ၊ တိရိစ္ဆာန်နှင့် ရေထွက်ပစ္စည်း**) တင်ပို့မှု ပို့ကုန်တန်ဖိုး စုစုပေါင်းမှာ ဒေါ်လာ (၃,၂၇၁.၃၉) သန်းရှိပြီး စုစုပေါင်း ပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍပို့ကုန် တန်ဖိုးပါဝင်မှုအချိုးမှာ (၂၆) % ခန့်ရှိခဲ့သည်ကို တွေ့ရှိရပါသည်။ (ဇယား-၁)

### ၁။ လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ


**လယ်ယာထွက်ပစ္စည်းတင်ပို့မှု** ဒေါ်လာ (၂,၇၀၃.၉၃) သန်းတွင် လယ်ယာကဏ္ဍ အဓိက ပို့ကုန် အမယ် (၅) မျိုးအနေဖြင့် ဆန် (ဆန်ကွဲ အပါအဝင်)၊ ပဲအမျိုးမျိုး၊ ပြောင်း၊ နှမ်းနှင့် ရာဘာ တို့ဖြစ်ပြီး၊ ယင်းတို့အနက် **ဆန်နှင့် ဆန်ကွဲ** တင်ပို့မှု တန်ချိန် (၁,၅၃၆,၂၂၁.၈) မှ ဒေါ်လာ (**၅၅၆.၃၆**) သန်း၊ **ပဲအမျိုးမျိုး** တင်ပို့မှု တန်ချိန် (၁,၂၃၉,၁၀၉.၄၂) မှ ဒေါ်လာ (၉၆၉.၅၃) သန်း၊ **ပြောင်း** တင်ပို့မှုတန်ချိန် (၁,၃၇၀,၄၄၁.၁၂) မှ ဒေါ်လာ (၄၁၉.၀၇) သန်း၊ **နှမ်း**တင်ပို့မှု တန်ချိန် (၆၈,၈၂၆.၇၃) မှ ဒေါ်လာ (၉၀.၈၄) သန်း ။ **ရော်ဘာစိမ်း**တင်ပို့မှု တန်ချိန် (၁၇၇,၆၀၉.၁၁) မှ ဒေါ်လာ (၂၄၈.၉၄) သန်း နှင့် **အခြားအမယ်**တင်ပို့မှုမှ ဒေါ်လာ(၄၁၉.၂)သန်း ရရှိထားကြောင်း သိရှိရသည်။ (ဇယား-၂၊ ပုံ-၂ ၊ ၃)

လယ်ယာထွက်ကုန် အမျိုးအစားလိုက်တင်ပို့မှုတွင် ရာခိုင်နှုန်းအားဖြင့် **ဆန်နှင့် ဆန်ကွဲ** (ဆန်နှင့် ဆန်ကွဲအပါအဝင်) တန်ချိန်ပေါင်း (၈%)၊ တန်ဖိုးအနေဖြင့် (၁၅%)၊ **ပြောင်း**မှာ တန်ဖိုးအနေဖြင့် (၂၆%) စီတိုးမြှင့်တင်ပို့ခဲ့ပြီး၊ ပြောင်းတင်ပို့မှုတွင် တန်ချိန် (၄.၂၂%) လျော့ကျခဲ့သည်ကို တွေ့ရသည်။ **ပဲအမျိုးမျိုး**တွင် တန်ချိန် (၁၂%)၊ တန်ဖိုး (၈%)၊ **နှမ်း**အနေဖြင့် တန်ချိန်အားဖြင့် (၅၄%)၊ တန်ဖိုးအားဖြင့် (၅၂%)၊ **ရော်ဘာစိမ်း**မှာ တန်ချိန် (၈%)၊ တန်ဖိုးအားဖြင့် (၁၀%) အသီးသီး လျော့နည်းခဲ့ကြောင်း ဖော်ပြပါအချက်အလက်များအရ သိရှိရသည်။ (ဇယား-၂)


ဇယား (၂) – လယ်ယာထွက်ကုန်ပစ္စည်းအမျိုးအစားအလိုက် ပို့ကုန်တင်ပို့နိုင်မှုအခြေပြဇယား

ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (ဧပြီ ၁ ရက် မှ ဒီဇင်ဘာလ ၃၀ ရက်ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် | ယခင်နှစ် | ခြားနားချက် | |
| | | | ၂၀၂၂-၂၀၂၃ | ၂၀၂၁-၂၀၂၂ | ပမာဏ | % |
| လယ်ယာ+တိရစ္ဆာန်+ရေထွက် | | US$ | ၃၂၇၁.၃၉ | ၃၂၅၇.၆၆ | ၁၃.၇၃ | ၂၉% |
| လယ်ယာထွက်ပစ္စည်း | | US$ | ၂,၇၀၃.၉၃ | ၂၆၇၂.၃၁ | ၃၁.၆၂ | ၁% |
| ၁ | ဆန်နှင့်ဆန်ကွဲ | US$ | ၅၅၆.၃၆ | ၄၈၅.၇၉ | ၇၀.၅၇ | ၁၅% |
| | | တန်ချိန် | ၁,၅၃၆,၂၂၁.၈၀ | ၁,၄၁၉,၁၄၇.၃၀ | ၁၁၇,၀၇၄.၅၀ | ၈% |
| | (က) ဆန် | US$ | ၃၅၇.၉၇ | ၃၁၁.၀၈ | ၄၆.၈၉ | ၁၅% |
| | | တန်ချိန် | ၉၄၇,၆၇၈.၉၉ | ၈၅၈,၄၅၀.၅၇ | ၈၉,၂၂၈.၄၂ | ၁၀% |
| | (ခ) ဆန်ကွဲ | US$ | ၁၉၈.၃၈ | ၁၇၄.၇၁ | ၂၃.၆၇ | ၁၄% |
| | | တန်ချိန် | ၅၈၈,၅၄၂.၈၁ | ၅၆၀,၆၉၆.၇၃ | ၂၇,၈၄၆.၀၈ | ၅% |
| ၂ | ပဲအမျိုးမျိုး | US$ | ၉၆၉.၅၃ | ၁,၀၅၆.၁၆ | -၈၆.၆၄ | -၈% |
| | | တန်ချိန် | ၁,၂၃၉,၁၀၉.၄၂ | ၁,၄၀၉,၅၄၈.၃၃ | - ၁၇၀,၄၃၈.၉၁ | -၁၂% |
| ၃ | ပြောင်း | US$ | ၄၁၉.၀၇ | ၃၃၁.၆၈ | ၈၇.၃၉ | ၂၆% |
| | | တန်ချိန် | ၁,၃၇၀,၄၄၁.၁၂ | ၁,၄၃၀,၈၃၁.၅၅ | - ၆၀,၃၉၀.၄၄ | -၄.၂၂% |
| ၄ | နှမ်း | US$ | ၉၀.၈၄ | ၁၉၀.၄၉ | - ၉၉.၆၅ | -၅၂% |
| | | တန်ချိန် | ၆၈,၈၂၆.၇၃ | ၁၄၉,၃၃၄.၃၂ | -၈၀,၅၀၇.၅၉ | -၅၄% |
| ၅ | ရော်ဘာစိမ်း | US$ | ၂၄၈.၉၄ | ၂၇၅.၅၈ | - ၂၆.၆၄ | -၁၀% |
| | | တန်ချိန် | ၁၇၇,၆၀၉.၁၁ | ၁၉၄,၀၇၁.၄၇ | - ၁၆,၄၆၂.၃၆ | -၈% |
| ၆ | အခြားသီးနှံ | US$ | ၄၁၉.၂ | ၃၃၂.၆၁ | ၈၆.၅၆ | ၂၆% |
| တိရစ္ဆာန်ထွက်ပစ္စည်း | | US$ | ၁၈.၇၃၆ | ၅.၂၅ | ၁၃.၄၈ | ၂၅၇% |
| ရေထွက်ပစ္စည်း | | US$ | ၅၄၈.၇၃ | ၅၈၀.၁၁ | -၃၁.၃၈ | -၅.၄၁% |




ပုံ (၂)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်




ပုံ (၃)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်


ပို့ကုန်တင်ပို့မှုတွင် ပဲမျိုးစုံတင်ပို့မှုကို လေ့လာပါက ယခုနှစ်တွင် **မတ်ပဲ**မှာ တန်ချိန် (၅၁၈၃၀၀.၄၆)၊ တန်ဖိုးဒေါ်လာ (၄၃၀.၅၆) သန်းဖြင့် အများဆုံးတင်ပို့နိုင်ခဲ့ပြီး၊ **ပဲတီစိမ်း**မှာ တန်ချိန် (၄၁၁၂၇၃.၈၃)၊ တန်ဖိုးဒေါ်လာ (၃၀၅.၆၄) သန်းဖြင့် ဒုတိယအများဆုံး တင်ပို့နိုင်ခဲ့ပါသည်။ **ပဲစဉ်းငုံ** မှာ တန်ချိန် (၁၁၀၄၀၇.၆၆)၊ တန်ဖိုးဒေါ်လာ (၈၈.၃) သန်းဖြင့် တတိယအများဆုံး တင်ပို့နိုင်ခဲ့ပြီး၊ **ကုလားပဲ** တင်ပို့မှုမှာ တန်ချိန် (၁၈၂၇၆.၉၆)၊ တန်ဖိုးဒေါ်လာ (၁၂.၇၉) သန်းဖြင့် စတုတ္ထအများဆုံး ရပ်တည်ခဲ့သည်ကို တွေ့ရသည်။ (ဇယား-၃၊ ပုံ-၄၊ ၅)

အစီရင်ခံကာလ (၁-၄-၂၀၂၂) မှ (၃၀-၁၂-၂၀၂၂) မှာ ယခင်နှစ်ထက် ပဲမျိုးစုံတင်ပို့မှုတွင် လျော့နည်းခဲ့သည်ကိုတွေ့ရပြီး မတ်ပဲတန်ချိန် (၁၅%) နှင့် တန်ဖိုး (၉%) ၊ ပဲတီစိမ်းတန်ချိန် (၆%)နှင့် တန်ဖိုး (၇%) ၊ ပဲစဉ်းငုံတန်ချိန် (၂၆%) နှင့် တန်ဖိုး (၁၂%) ၊ မြေပဲဆံ တန်ချိန် (၇၆%) နှင့် တန်ဖိုး (၇၃%) အသီးသီးလျော့နည်းတင်ပို့ခဲ့ကြောင်း ဖော်ပြပါအချက်အလက်များအရ သိရှိရသည်။ (ဇယား-၃)


## ဇယား (၃) – ပဲအမျိုးမျိုးတင်ပို့နိုင်မှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၁-၂၀၂၂ Mini Budget | ကာလတူ (ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၃၀ ရက်ထိ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် (၂၀၂၂-၂၀၂၃) | ယခင်နှစ် (၂၀၂၁-၂၀၂၂) | ခြားနားချက် | |
| | | | | | | ပမာဏ | ပမာဏ |
| | ပဲအမျိုးမျိုး | US$ | ၈၃၀.၁၆ | ၉၆၉.၅၃ | ၁၀၅၆.၁၆ | -၈၆.၆၃ | -၈% |
| | | တန်ချိန် | ၁၀၈၉၆၆၇.၇၅ | ၁၂၃၉၁၀၉.၄၂ | ၁၄၀၉၅၄၈.၃၃ | - ၁၇၀၄၃၈.၉၁ | -၁၂% |
| ၁ | မတ်ပဲ | US$ | ၂၈၇.၉၁ | ၄၃၀.၅၆ | ၄၇၀.၈၀ | -၄၀.၂၄ | -၉% |
| | | တန်ချိန် | ၃၇၁၀၉၄.၉၀ | ၅၁၈၃၀၀.၄၆ | ၆၁၀၈၉၇.၅၂ | -၉၂၅၉၇.၀၆ | -၁၅% |
| ၂ | ပဲတီစိမ်း | US$ | ၂၉၆.၅၄ | ၃၀၅.၆၄ | ၃၃၀.၀၉ | -၂၄.၄၄ | -၇% |
| | | တန်ချိန် | ၃၈၃၇၂၂.၃၂ | ၄၁၁၂၇၃.၈၃ | ၄၃၆၁၁၆.၇၈ | -၂၄၈၄၂.၉၅ | -၆% |
| ၃ | ပဲစင်းငုံ | US$ | ၈၄.၈၅ | ၈၈.၃၀ | ၁၀၀.၆၆ | -၁၂.၃၆ | -၁၂% |
| | | တန်ချိန် | ၁၂၆၅၂၆.၃၄ | ၁၁၀၄၀၇.၆၆ | ၁၅၀၁၂၉.၄၀ | -၃၉၇၂၁.၇၄ | -၂၆% |
| ၄ | ကုလားပဲ | US$ | ၃.၉၂ | ၁၂.၇၉ | ၁၃.၇၇ | -၀.၉၈ | -၇% |
| | | တန်ချိန် | ၆၁၃၀.၆၆ | ၁၈၂၇၆.၉၆ | ၂၂၇၉၈.၁၃ | -၄၅၂၁.၁၈ | -၂၀% |
| ၅ | ပဲလွန်းဖြူ | US$ | ၁၉.၄၀ | ၂၁.၈၆ | ၁၄.၆၆ | ၇.၂၁ | ၄၉% |
| | | တန်ချိန် | ၂၇၃၆၅.၂၄ | ၃၂၆၈၁.၉၉ | ၁၉၅၅၂.၁၉ | ၁၃၁၂၉.၈ | ၆၇% |
| ၆ | မြေထောက်ပဲ | US$ | ၃၀.၀၀ | ၃၄.၂၂ | ၁၉.၃၁ | ၁၄.၉၁ | ၇၇% |
| | | တန်ချိန် | ၃၉၈၃၉.၉၆ | ၄၅၇၄၁.၀၃ | ၂၆၇၂၃.၇၅ | ၁၉၀၁၇.၂၉ | ၇၁% |
| ၇ | ထောပတ်ပဲ | US$ | ၃.၉၁ | ၂၀.၅၇ | ၁၁.၉၁ | ၈.၆၆ | ၇၃% |
| | | တန်ချိန် | ၅၇၀၉.၇၄ | ၂၆၂၈၅.၆၃ | ၂၁၈၇၁.၁၈ | ၄၄၁၄.၄၅ | ၇၃% |
| ၈ | ပဲယင်း | US$ | ၃၅.၄၃ | ၁၉.၉၅ | ၂၃.၈၈ | -၃.၉၂ | -၁၆% |
| | | တန်ချိန် | ၄၉၉၅၁.၆၇ | ၃၀၆၄၈.၅၁ | ၄၁၂၈၉.၅၁ | -၁၀၆၄၁.၀၀ | -၂၆% |
| ၉ | ပဲကြီး | US$ | ၂.၂၆ | ၄.၄၄ | ၁.၃၇ | ၃.၀၇ | ၂၂၄% |
| | | တန်ချိန် | ၃၄၂၈.၈၇ | ၆၇၂၅.၁၈ | ၂၃၆၁.၃၉ | ၄၃၆၃.၇၉ | ၁၈၅% |
| ၁၀ | ပဲကတ္တီပါ (စွန်တာနီ/ပြာ) | US$ | ၁.၅၈ | ၄.၅၅ | ၄.၄၇ | ၀.၀၈ | ၂% |
| | | တန်ချိန် | ၂၃၆၄.၆၁ | ၇၂၂၅.၃၇ | ၇၂၁၂.၄၆ | ၁၂.၉၁ | ၀% |
| ၁၁ | ဘိုကိတ်ပဲ | US$ | ၁၂.၂၉ | ၈.၃၄ | ၄.၆၇ | ၃.၆၈ | ၇၉% |
| | | တန်ချိန် | ၁၇၂၆၉.၉၄ | ၁၁၅၈၃.၆၇ | ၆၀၂၄.၈၇ | ၅၅၅၈.၈၀ | ၉၂% |
| ၁၂ | ပဲပုတ်စေ့ | US$ | ၀.၃၀ | ၀.၀၇ | ၂.၆၃ | -၂.၅၇ | -၉၈% |
| | | တန်ချိန် | ၄၁၁.၀၀ | ၆၉.၅၁ | ၄၂၂၅.၃၀ | -၄၁၅၅.၇၉ | -၉၈% |
| ၁၃ | ပဲနီကြား | US$ | ၀.၀၈ | ၁.၉၄ | ၂.၀၈ | -၀.၁၄ | -၇% |
| | | တန်ချိန် | ၁၉၅.၀၀ | ၄၈၆၅.၂၅ | ၄၇၇၇.၀၀ | ၈၈.၂၅ | ၂% |
| ၁၄ | နိုင်လွန်ပဲ | US$ | ၀.၁၈ | ၀.၄၉ | ၀.၇၄ | -၀.၂၅ | -၃၄% |
| | | တန်ချိန် | ၂၁၆.၅၀ | ၆၄၀.၆၀ | ၈၉၀.၀၃ | -၂၄၉.၄၃ | -၂၈% |
| ၁၅ | မြေပဲဆံ | US$ | ၅၀.၈၃ | ၁၅.၀၉ | ၅၄.၉၁ | -၃၉.၈၂ | -၇၃% |
| | | တန်ချိန် | ၅၄၄၆၇.၇၂ | ၁၃၁၇၆.၃၄ | ၅၄၄၀၂.၇၅ | -၄၁၂၂၆.၄၀ | -၇၆% |
| ၁၆ | အခြားပဲ | US$ | ၀.၆၉ | ၀.၇၃ | ၀.၂၃ | ၀.၅၀ | ၂၁၇% |
| | | တန်ချိန် | ၉၇၃.၂၉ | ၁၂၀၇.၄၃ | ၂၇၆.၀၈ | ၉၃၁.၃၅ | ၃၃၇% |




ပုံ (၄)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်




ပုံ (၅)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

### ၂။ ဆီထွက်သီးနှံ တင်ပို့မှုအခြေအနေ

ဆီထွက်သီးနှံဖြစ်သော **နှမ်း**တင်ပို့မှုမှာ (၁-၄-၂၀၂၂) မှ (၃၀-၁၂-၂၀၂၂) ထိ တန်ချိန် (၆၈,၈၂၆.၇၃) နှင့် တန်ဖိုး ဒေါ်လာ (၉၀.၈၄) သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် တန်ချိန် (၁၄၉,၃၃၄.၃၂) နှင့် တန်ဖိုး ဒေါ်လာ (၁၉၀.၄၉) သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန်အားဖြင့် (၈၀,၅၀၇.၅၉) နှင့် တန်ဖိုး ဒေါ်လာ (၉၉.၆၅) သန်း လျော့နည်းခဲ့ကြောင်း တွေ့ရသည်။ (ဇယား-၂)

**မြေပဲဆံ**တင်ပို့မှုမှာ ယခုနှစ်တွင်တန်ချိန် (၁၃,၁၇၆.၃၄)၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၁၅.၀၉) သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် တန်ချိန် (၅၄,၄၀၂.၇၅)၊ တန်ဖိုး ဒေါ်လာ (၅၄.၉၁)သန်း တင်ပို့နိုင်ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန်အားဖြင့် (၄၁,၂၂၆.၄)နှင့် တန်ဖိုး ဒေါ်လာ (၃၉.၈၂)သန်း လျော့နည်းခဲ့ကြောင်း တွေ့ရသည်။ (ဇယား-၃)


### ( c) ပို့ကုန်အုပ်စုအလိုက်တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

ပို့ကုန်အုပ်စုအလိုက်တင်ပို့မှုမှာ အစီရင်ခံကာလဖြစ်သော၂၀၂၂ ခုနှစ် ဧပြီလ (၁) ရက်မှ ဒီဇင်ဘာလ (၃၀) ရက်အထိ ပို့ကုန်တန်ဖိုး စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၁၂,၄၄၄.၆၄) သန်း ရှိရာ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၁၀,၇၂၁.၉၇) သန်းရှိခဲ့သည့်အတွက် ယခင်နှစ် အလားတူကာလထက် ဒေါ်လာ (၁၇၂၂.၆၇) သန်း/ (၁၆%) ခန့် ပိုမိုတင်ပို့ခဲ့ကြောင်း တွေ့ရသည်။ (နောက်ဆက်တွဲဇယား-ဃ)

လက်ရှိဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးစုစုပေါင်းတွင် **လယ်ယာထွက်ပစ္စည်း** အနေဖြင့် ဒေါ်လာ (၂,၇၀၃.၉၃) သန်းရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၂,၆၇၂.၃၁) သန်း ရှိခဲ့သဖြင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ (၃၁.၆၂) သန်း နှင့် **တိရစ္ဆာန်ထွက်ပစ္စည်း**တင်ပို့မှုတွင် အမေရိကန်ဒေါ်လာ (၁၈.၇၃) သန်းနှင့် ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၅.၂၇) သန်း ရှိခဲ့သဖြင့် ယခင်နှစ်ထက် ဒေါ်လာ (၁၃.၄၈) သန်း ပိုမိုတင်ပို့ခဲ့ကြောင်းနှင့် **ရေထွက်ပစ္စည်း**တင်ပို့မှုမှာ ယခုနှစ်တွင် ဒေါ်လာ (၅၄၈.၇၃) သန်း၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၅၈၀.၁၁) သန်းဖြစ်၍ ယခင်နှစ်ထက်(၃၁.၃၈) သန်း လျော့နည်းတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။ (နောက်ဆက်တွဲဇယား-ဃ၊ နောက်ဆက်တွဲပုံ-၂)

ရာခိုင်နှုန်းအားဖြင့် စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာထွက်ပစ္စည်း ပါဝင်မှုမှာ လက်ရှိဘဏ္ဍာနှစ်တွင် (၂၂%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၂၅%) ရှိခဲ့သည့်အတွက် ပါဝင်မှု % အနေဖြင့် (၃%) ခန့်နှင့် ရေထွက်ပစ္စည်းပါဝင်မှုမှာ လက်ရှိဘဏ္ဍာနှစ်တွင် (၄.၄%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၅.၄%) ရှိခဲ့သည့်အတွက် ပါဝင်မှု % အနေဖြင့် (၁%) ခန့် အသီးသီး လျော့နည်းခဲ့သည်ကိုတွေ့ရသည်။ တိရိစ္ဆာန်ထွက်ပစ္စည်းပါဝင်မှုမှာ လက်ရှိဘဏ္ဍာနှစ်တွင် (၀.၁၅%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၀.၀၅%) ရှိခဲ့သည့်အတွက် ပါဝင်မှု % အနေဖြင့် (၀.၁%) တိုးမြင့်တင်ပို့ခဲ့သည်ကိုတွေ့ရှိရသည်။ (နောက်ဆက်တွဲဇယား-ဃ၊ ပုံ-၆)

လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်နှင့် ရေထွက်ပစ္စည်းများပါဝင်သည့် လယ်ယာကဏ္ဍ တစ်ခုလုံးအနေဖြင့် ပို့ကုန်တန်ဖိုးမှာ (၁-၄-၂၀၂၂ မှ ၃၀-၁၂-၂၀၂၂) ရက်ထိ ဒေါ်လာ (၃၂၇၁.၃၉) သန်း ရှိခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် ဒေါ်လာ (၃၂၅၇.၆၆) သန်း ရှိခဲ့သည့်အတွက် တန်ဖိုးအားဖြင့် ဒေါ်လာ (၁၃.၇၃) သန်းခန့် တိုးမြင့်တင်ပို့ခဲ့ပြီး၊ စုစုပေါင်းပို့ကုန် တန်ဖိုးတွင် လယ်ယာကဏ္ဍပို့ကုန် ပါဝင်မှုရာခိုင်နှုန်းအနေဖြင့် လက်ရှိဘဏ္ဍာနှစ်တွင် (၂၆%) ရှိလာခဲ့ကာ၊ ယခင်နှစ် အလားတူကာလတွင် (၃၀%) ဝန်းကျင်ရှိခဲ့သည့်အတွက် ပါဝင်မှု % အနေဖြင့်လည်း (၄%)ခန့် လျော့နည်းခဲ့သည်ကို တွေ့ရှိရသည်။ (နောက်ဆက်တွဲဇယား-ဃ၊ ပုံ-၆)





၂၀၂၂-၂၀၂၃ (၁-၄-၂၀၂၂ မှ ၃၀-၁၂-၂၀၂၂ ထိ) ၂၀၂၁-၂၀၂၂ (၁-၄-၂၀၂၁ မှ ၃၀-၁၂-၂၀၂၁ ထိ)

ပုံ (၆)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာထွက်ပို့ကုန်ပါဝင်မှု %

## (စ) ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget ပို့ကုန်တင်ပို့မှု နှိုင်းယှဉ်ချက်

ပို့ကုန်တင်ပို့မှုများကို ၂၀၂၁-၂၂ Mini Budget (အောက်တိုဘာလမှ မတ်လထိ) နှင့် ၂၀၁၈ Mini Budget (ဧပြီလ မှ စက်တင်ဘာလထိ) တို့ နှိုင်းယှဉ်ပါက ပို့ကုန်တင်ပို့မှုတန်ဖိုးစုစုပေါင်းမှာ ၂၀၂၁-၂၂ Mini Budget တွင် အမေရိကန်ဒေါ်လာ (၈,၂၇၉.၄၄)သန်း တင်ပို့ခဲ့ပြီး ၂၀၁၈ Mini Budget (ဧပြီ မှ စက်တင်ဘာထိ) တွင် ဒေါ်လာ (၈,၈၆၁.၀၃) သန်းတင်ပို့နိုင်ခဲ့သဖြင့် ၂၀၂၁-၂၂ Mini Budget တွင် ဒေါ်လာ (၅၈၁.၅၉) သန်း လျော့နည်းတင်ပို့ခဲ့သည်ကိုတွေ့ရသည်။ (နောက်ဆက်တွဲ-က)


၂၀၂၁-၂၂ Mini Budget ပို့ကုန်တင်ပို့မှုတွင် **လယ်ယာထွက်ပစ္စည်းတင်ပို့မှု** တန်ဖိုး ဒေါ်လာ (၂,၄၀၇.၈၆) **သန်း**ပါဝင်ခဲ့ရာ အဆိုပါ တင်ပို့မှုတွင် **ဆန်နှင့်ဆန်ကွဲ** ဒေါ်လာ (၄၄၄.၂၇)သန်း၊ **ပဲအမျိုးမျိုး** ဒေါ်လာ (၈၃၀.၆၃) သန်း၊ **ပြောင်း** ဒေါ်လာ (၃၆၈.၂၃) သန်း၊ **နှမ်း** ဒေါ်လာ(၁၉၄.၁၉) သန်း၊ **ရော်ဘာ စိမ်း** ဒေါ်လာ (၂၈၇.၅) သန်း နှင့် **အခြားလယ်ယာထွက်ကုန်ပစ္စည်း** ဒေါ်လာ (၂၈၃.၀၅) သန်း ပါဝင်ခဲ့ သည်ကို တွေ့ရသည်။ (နောက်ဆက်တွဲ ဇယား-ခ၊ ပုံ-၇)




ပုံ (၇) ။ အဓိကလယ်ယာထွက်ကုန် အမယ်များ၏ တင်ပို့နိုင်မှု ကာလတူနှိုင်းယှဉ်ချက် အခြေပြဂရပ်

## (ဆ) ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၀၂၁ ကာလတူ (အောက်တိုဘာလ မှ မတ်လထိ) ပို့ကုန် တင်ပို့နိုင်မှု နှိုင်းယှဉ်ချက်

**၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၁ ကာလတူ(အောက်တိုဘာလမှ မတ်လထိ)** ပို့ကုန်တင်ပို့မှုများကို နှိုင်းယှဉ်ပါက ၂၀၂၁-၂၂တွင် စုစုပေါင်း တင်ပို့မှုမှာ (၂,၄၀၇.၈၆) သန်း ရှိခဲ့ပြီး၊ ၂၀၂၀-၂၁ အလားတူ ကာလတွင် (၂,၉၂၈.၁၄) သန်း တင်ပို့နိုင်ခဲ့သဖြင့် အလားတူကာလထက် (၅၂၀.၂၈) သန်း လျော့နည်း တင်ပို့ခဲ့ကြောင်းတွေ့ရပြီး၊ ပို့ကုန် အမယ်အလိုက်တင်ပို့မှုတွင် ယခင်နှစ်ထက် **ဆန်နှင့်ဆန်ကွဲ** အမေရိကန်ဒေါ်လာ(၁၅.၈၃) သန်း၊ **ပဲအမျိုးမျိုးတွင်** ဒေါ်လာ (၂၄.၆) သန်း၊ **ပြောင်းတွင်** ဒေါ်လာ (၃၆.၇၄) သန်း၊ **ရာဘာစိမ်း** တွင် ဒေါ်လာ (၉.၄၈) သန်း အသီးသီး တိုး မြှင့်တင်ပို့နိုင်ခဲ့ပြီး **နှမ်းတွင်** ဒေါ်လာ (၉၀.၂၈) သန်း နှင့် **အခြား သီးနှံများတွင်** ဒေါ်လာ (၅၁၆.၆၅) သန်း လျော့နည်း တင် ပို့ခဲ့ကြောင်း သိရှိရပါသည်။ (နောက်ဆက်တွဲ ဇယား -ခ၊ ပုံ-၈)




ပုံ (၈) ။ အဓိကလယ်ယာထွက်ကုန်အမယ်များ၏ တင်ပို့နိုင်မှု ကာလတူ (အောက်တိုဘာလမှ မတ်လထိ) နှိုင်းယှဉ်မှု

## (ဇ) ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ ကိန်းဂဏန်း အချက်အလက်များအရ ၂၀၂၂-၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့ ရောင်းချမှုမှရရှိသည့် စုစုပေါင်းဝင်ငွေစာရင်းကို လေ့လာပါက ငါးမှာ တန်ချိန် (၂၅,၀၆၄.၆၁) ၊ တန်ဖိုး ဒေါ်လာ (၂၉.၁) သန်း၊ ပုဇွန်မှာ တန်ချိန် (၁,၁၇၃.၈၇)၊ တန်ဖိုး ဒေါ်လာ (၄.၁၇) သန်း နှင့် အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၁၉,၉၃၈.၇၅)၊ တန်ဖိုးဒေါ်လာ (၃၀.၈၁) သန်း ရရှိခဲ့ သည်ကို သိရှိရပါသည်။ (နောက်ဆက်တွဲဇယား-က)

ယခင်နှစ်အလားတူကာလ ၂၀၂၁-၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ငါးတင်ပို့မှုတွင် တန်ချိန် အားဖြင့် (၁၄,၄၄၁.၁၃)၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၁၃.၇၂) သန်း၊ ပုဇွန်မှာ တန်ဖိုးဒေါ်လာ (၀.၆၈) သန်းနှင့် အခြားရေထွက်ပစ္စည်းများမှာ တန်ဖိုးဒေါ်လာ (၂.၃)သန်းစီ အသီးသီးလျော့နည်းခဲ့သည်

ကိုတွေ့ရပြီး၊ တန်ချိန်အားဖြင့် ပဲွနှမ်မှာ (၆၉.၈၄) အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၆,၄၅၄.၉) တိုးမြင့်တင်ပို့ခဲ့ပါသည်။ (ဇယား-၄)

ဇယား (၄) - ၂၀၂၂-၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချမှုမှ ရရှိသည့် ဝင်ငွေစာရင်း အခြေပြဇယား

တန်ချိန်- မက်ထရစ်တန်(ရိုးရိုး)
တန်ဘိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | US $ ဖြင့်နိုင်ငံခြားသို့တင်ပို့ရောင်းချမှု | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ငါး | | ပုဇွန် | | အခြား | | စုစုပေါင်း | |
| | | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး |
| ၁ | **ပုံမှန်ကုန်သွယ်ရေး** | **၁၀၈၀၅.၂၉၈** | **၁၆.၂၉** | **၁၀၉၉.၉** | **၃.၈၇** | **၇၆၈၃.၆၃** | **၁၃.၅၁** | **၁၉၅၉၈.၈၃** | **၃၃.၆၈** |
| | (က) ပုဂ္ဂလိက ကုမ္ပဏီများ | ၁၀၈၀၅.၃၀ | ၁၆.၃၀ | ၁၀၉၉.၉၀ | ၃.၈၇ | ၇၆၈၃.၆၃ | ၁၃.၅၁ | **၁၉၅၉၈.၈၃** | **၃၃.၆၈** |
| ၂ | **နယ်စပ်ကုန်သွယ်ရေး** | **၁၄၂၄၉.၃၁** | **၁၂.၈၁** | **၇၃.၉၇** | **၀.၂၉** | **၁၂၂၅၅.၁၂** | **၁၇.၃၀** | **၂၆၅၇၈.၃၉** | **၃၀.၄၀** |
| | (က) မြဝတီ | ၄၃၀.၉၅ | ၀.၅၄ | ၂.၉၁ | ၀.၀၄ | ၇၅၅.၂၁ | ၁.၃၆ | **၁၁၈၉.၀၇** | **၁.၉၄** |
| | ( ခ ) ကော့သောင်း | ၁၂၅၂၁.၄၇ | ၁၀.၇၇ | ၇၁.၀၆ | ၀.၂၆ | ၂၀၁၁.၈၆ | ၅.၄၇ | **၁၄၆၀၄.၃၈** | **၁၆.၅** |
| | (ဂ ) စစ်တွေ | ၁၉၇.၃၂ | ၀.၂၅ | | | ၂၇.၁၀ | ၀.၀၅ | **၂၂၄.၄၂** | **၀.၃၀** |
| | (ဃ) မြိတ် | | | | | ၃၃၆၀.၀၀ | ၃.၀၂ | **၃၃၆၀.၀၀** | **၃.၀၂** |
| | ( င ) မူဆယ် | | | | | ၁၁၁၅.၆၇ | ၃.၉၁ | **၁၁၁၅.၆၇** | **၃.၉၁** |
| | ( စ ) မောင်တော | ၇၅၃.၁၀ | ၀.၉၅ | | | ၁၁၄.၀၀ | ၀.၁၁ | **၈၆၇.၁၀** | **၁.၀၆** |
| | (ဆ) တမူး | | | | | | | | |
| | ( ဇ ) ချင်းရွှေဟော် | | | | | | | | |
| | ( ဈ ) ထီးခီး | | | | | | | | |
| | (ည) ရိ(ဒ်) | | | | | | | | |
| | (ဋ) မောတော | ၃၄၆.၄၇ | ၀.၃၀ | | | ၇၆၉.၂၈ | ၁.၃၃ | **၁၁၁၅.၇၅** | **၁.၆၃** |
| | (ဌ) ကျိုင်းလတ် | | | | | ၄၁၀၂.၀၀ | ၂.၀၅ | **၄၁၀၂.၀၀** | **၂.၀၅** |
| | **၂၀၂၂-၂၃ ဒီဇင်ဘာလအတွင်း ပြည်ပပို့ကုန်စုစုပေါင်း** | **၂၅၀၆၄.၆၁** | **၂၉.၁၀** | **၁၁၇၃.၈၇** | **၄.၁၇** | **၁၉၉၃၈.၇၅** | **၃၀.၈၁** | **၄၆၁၇၇.၂၃** | **၆၄.၀၈** |
| | **၂၀၂၁-၂၂ ဒီဇင်ဘာလအတွင်း ပြည်ပပို့ကုန်စုစုပေါင်း** | **၃၉၅၀၅.၇၄** | **၄၂.၈၂** | **၁၁၀၄.၀၄** | **၄၀၈၅၀.၀၀** | **၁၃၄၈၃.၈၅** | **၃၃.၁၂** | **၅၄၀၉၃.၆၃** | **၈၀.၇၉** |
| | **ခြားနားချက်** | **-၁၄၄၄၁.၁၃** | **-၁၃.၇၂** | **၆၉.၈၄** | **-၄၀၈၄၅.၈၃** | **၆၄၅၄.၉၀** | **-၂.၃၁** | **-၇၉၁၆.၄၀** | **-၁၆.၇၁** |

အရင်းအမြစ်။ ငါးလုပ်ငန်းဦးစီးဌာန

## (၈) (၅) နှစ်တာကာလအတွင်း ပြည်ပမှသွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ချက်

ပြီးခဲ့သည့် (၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပမှသွင်းကုန်တင်သွင်းမှု အခြေအနေကို လေ့လာပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သွင်းကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန်

ဒေါ်လာ (၁၇,၂၁၁.၀၆) သန်းရှိခဲ့ပြီး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် (၁၄,၆၈၆.၀၆) သန်း ရှိခဲ့သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ (၂,၅၂၅.၀၀၂) သန်း (၁၅%) လျော့နည်းလာခဲ့ကြောင်း သိရသည်။(ဇယား-၅)

ဇယား (၅) – ကုန်စည်ပစ္စည်းများအလိုက်တင်သွင်းမှုတန်ဖိုးအခြေပြဇယား

၂၀၁၂-၂၀၁၃ မှ ၂၀၂၂-၂၃ (၁ -၄-၂၀၂၂ မှ ၃၀- ၁၂-၂၀၂၂ ထိ)

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ Mini Budget (ယာယီ) | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၁-၄-၂၀၂၂ မှ ၃၀-၁၂-၂၀၂၂ ထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (က) | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၃၈၄၂.၄၅ | ၅၆၉၁.၉၅ | ၈၀၃၇.၅၆ | ၈၂၅၃.၈၉ | ၆၉၁၉.၃၉ | ၆၅၉၀.၄၁ | ၃၄၅၅.၃၄ | ၅၈၆၁.၄၅ | ၇၃၁၅.၃၃ | ၄၇၄၀.၄၇ | ၈၉၇ | ၂၆၆၅.၉ |
| (ခ) | လုပ်ငန်းသုံးကုန်ပစ္စည်းများ | ၃၇၂၈.၈၄ | ၅၆၈၄.၀၃ | ၅၆၈၂.၄၉ | ၄၈၂၀.၇၂ | ၆၁၆၅.၃၆ | ၇၆၈၅.၀၆ | ၃၇၆၅.၈၅ | ၇၃၇၉.၆၉ | ၆၈၇၃.၂၇ | ၅၄၃၃.၈၂ | ၈၃၃.၃၉ | ၆၁၂၃.၀ |
| (ဂ) | လူသုံးကုန်ပစ္စည်းများ | ၁၄၉၇.၆၂ | ၂၃၈၃.၅၂ | ၂၉၁၃.၁ | ၃၅၀၃.၃၅ | ၄၁၂၆.၃၁ | ၄၄၁၉.၄၃ | ၆၄၆.၅၉ | ၄၈၄၅.၄၇ | ၄၈၆၂.၂၆ | ၄၅၀၁.၇၆ | ၅၄၅.၂၅ | ၂၂၄၂.၃၃ |
| (ဃ) | CMP | - | - | - | - | - | - | - | - | - | - | ၂၀၅.၇၂ | ၁၉၄၀.၆ |
| စုစုပေါင်း | | ၉၀၆၈.၉၁ | ၁၃၇၅၉.၅၁ | ၁၆၆၃၃.၁၅ | ၁၆၅၇၇.၉ | ၁၇၂၁၁.၀၆ | ၁၈၆၉၄.၉ | ၉၈၆၇.၇၈ | ၁၈၀၈၆.၆ | ၁၉၀၅၀.၉ | ၁၄၆၈၆.၁ | ၇၉၅၅ .၃ | ၁၂၉၇၁.၈ |

## (ည) ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက်မှ ဒီဇင်ဘာလ(၃၀) ရက်ထိ သွင်းကုန်တင်သွင်းမှုအခြေအနေ

အစီရင်ခံကာလအတွင်း (၁-၄-၂၀၂၂) မှ (၃၀-၁၂-၂၀၂၂) ထိ သွင်းကုန်စုစုပေါင်း အမေရိကန်ဒေါ်လာ (၁၂,၉၇၁.၈၃) သန်းတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ ဒေါ်လာ (၂,၆၆၅.၈၆) သန်း၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ ဒေါ်လာ (၆,၁၂၃.၀၁) သန်း၊ လူသုံးကုန်ပစ္စည်းများ ဒေါ်လာ (၂၂၄၂.၃၃) သန်း နှင့် CMP ပစ္စည်းများ ဒေါ်လာ (၁,၉၄၀.၆၄) သန်းပါဝင်ခဲ့ပါသည်။ (ဇယား-၅)


### ၁။ လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ

(၁-၄-၂၀၂၂) မှ (၃၀-၁၂-၂၀၂၂) ထိ မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်ပစ္စည်း (၁၁) မျိုးအနက် **လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများ၏** တင်သွင်းမှုအခြအနေမှာ **စားအုန်းဆီ** တန်ချိန် (၃၇၆,၃၉၈) ၊ တန်ဖိုးဒေါ်လာ (၄၈၂.၁) သန်း၊ **ဓာတ်မြေသြဇာ** တန်ချိန် (၈၈၈,၀၉၈) ၊ တန်ဖိုး ဒေါ်လာ (၄၉၆.၉၇) သန်း၊ **ဂျုံစေ့** တန်ချိန် (၁၅၄,၁၁၇) ၊ တန်ဖိုး(၇၃.၉၄) သန်း နှင့် **ဂျုံမှုန့်** တန်ချိန် (၁၀,၉၈၄) ၊ တန်ဖိုး (၄.၀၉) သန်း ပါရှိခဲ့ပါသည်။ (ဇယား -၆၊ ပုံ-၉၊ ၁၀)


## ဇယား (၆) အဓိကကုန်ပစ္စည်း (၁၁) မျိုး၏ တင်သွင်းမှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (ဧပြီ ၁ ရက် မှ ဒီဇင်ဘာလ ၃၀ ရက် ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် | ယခင်နှစ် | ခြားနားချက် | |
| | | | | | ပမာဏ | % |
| | **စုစုပေါင်း** | **US$** | **၄၇၇၁.၄** | **၃၃၉၀.၀၄** | **၁၃၈၁.၃၆** | **၂၅၂%** |
| ၁ | ဒီဇယ် | US$ | ၂၅၀၆၉.၈၀ | ၉၇၈.၅၄ | ၁၀၉၁.၂၆ | ၁၁၂% |
| | | တန် | ၁၈၄၆၃၄၉ | ၁၆၂၈၈၉၅ | ၂၁၇၄၅၄ | ၁၃% |
| ၂ | ဓါတ်ဆီ | US$ | ၁၄၂၂.၈၄ | ၈၇၈.၂၆ | ၅၄၄.၅၈ | ၆၂% |
| | | တန် | ၁၃၀၂၈၄၁ | ၁၂၃၉၁၁၇ | ၆၃၇၂၄ | ၅% |
| ၃ | စားအုန်းဆီ | US$ | ၄၈၂.၀၆ | ၆၇၈.၀၁ | -၁၉၅.၉၅ | -၂၉% |
| | | တန် | ၃၇၆၃၉၈ | ၅၇၉၄၈၈ | -၂၀၃၀၉၁ | -၃၅% |
| ၄ | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း | US$ | ၁၄၁.၇၂ | ၃၂၇.၈၆ | -၁၈၆.၁၅ | -၅၇% |
| | | စီး | ၂၄၉၀ | ၁၃၅၁၈ | -၁၁၀၂၈ | -၈၂% |
| | လူစီးယာဉ် | US$ | ၃.၉၁ | ၁၂၈.၀၂ | -၁၂၄.၁၁ | -၉၇% |
| | | စီး | ၁၂၀ | ၇၅၉၄ | -၇၄၇၄ | -၉၈% |
| | ဘတ်စ် | US$ | ၂.၄၁ | ၃.၉၆ | -၁.၅၅ | -၃၉% |
| | | စီး | ၁၂၇ | ၁၉၅ | -၆၈ | -၃၅% |
| | ထရပ် | US$ | ၈.၈၇ | ၂၉.၁၁ | -၂၀.၂၄ | -၇၀% |
| | | စီး | ၆၃၃ | ၂၈၄၉ | -၂၂၁၆ | -၇၈% |
| | ယန္တယား | US$ | ၈၁.၄၂ | ၁၂၆.၀၃ | -၄၄.၆၁ | -၃၅% |
| | | စီး | ၁၆၁၀ | ၂၈၈၀ | -၁၂၇၀ | -၄၄% |
| | ယာဉ်အပိုပစ္စည်း | US$ | ၄၅.၁၁ | ၄၀.၇၄ | ၄.၃၇ | ၁၁% |
| ၅ | ဘိလပ်မြေ | US$ | ၂၄.၇၀ | ၄၅.၀၇ | -၂၀.၃၇ | -၄၅% |
| | | တန် | ၂၈၅၁၉၁ | ၅၇၃၆၈၁ | -၂၈၈၄၉၁ | -၅၀% |
| ၆ | ဓာတ်မြေသြဇာ | US$ | ၄၉၆.၉၇ | ၃၀၉.၃၄ | ၁၈၇.၆၃ | ၆၁% |
| | | တန် | ၈၈၈၀၉၈ | ၈၃၁၆၅၉ | ၅၆၄၃၈ | ၇% |
| ၇ | ဂျုံစေ့ | US$ | ၇၃.၉၄ | ၁၁၂.၃၆ | -၃၈.၄၂ | -၃၄% |
| | | တန် | ၁၅၄၁၁၇ | ၃၃၂၄၂၁ | -၁၇၈၃၀၄ | -၅၄% |
| ၈ | ဂျုံမှုန့် | US$ | ၄.၀၉ | ၁.၄၈ | ၂.၆၁ | ၁၇၆% |
| | | တန် | ၁၀၉၈၄ | ၃၄၉၉ | ၇၄၈၆ | ၂၁၄% |
| ၉ | နို့ဆီ | US$ | ၁၇.၆၄ | ၁၂.၈၅ | ၄.၇၉ | ၃၇% |
| | | တန် | ၁၂၉၅၁ | ၁၀၀၅၀ | ၂၉၀၁ | ၂၉% |
| ၁၀ | နို့စိမ်း | US$ | ၂၂.၄၀ | ၁၉.၉၀ | ၂.၅၁ | ၁၃% |
| | | တန် | ၁၅၇၇၆ | ၁၅၃၀၃ | ၄၇၂ | ၃% |
| ၁၁ | နို့မှုန့် | US$ | ၁၅.၂၅ | ၂၆.၃၈ | -၁၁.၁၃ | -၄၂% |
| | | တန် | ၄၆၀၆ | ၈၃၈၉ | -၃၇၈၃ | -၄၅% |





ပုံ(၉)။ သွင်းကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်- ဒေါ်လာသန်း




ပုံ(၁၀)။ သွင်းကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်-တန်ချိန်

အခြားတင်သွင်းကုန်များဖြစ်သည့် **နို့ဆီ**မှာ တန်ချိန် (၁၂,၉၅၁) ၊ တန်ဖိုးဒေါ်လာ (၁၇.၆၄) သန်း၊ **နို့စိမ်း**မှာ တန်ချိန် (၁၅,၇၇၆)၊ တန်ဖိုးဒေါ်လာ (၂၂.၄၀) သန်းနှင့် **နို့မှုန့်**မှာ တန်ချိန် (၄,၆၀၆)၊ တန်ဖိုးဒေါ်လာ (၁၅.၂၅) သန်း စီပါရှိခဲ့ကြောင်း သိရှိရပါသည်။ (ဇယား-၆)

**မြေဩဇာတင်သွင်းမှု**တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၂၂-၂၀၂၃ ခုနှစ်၊ ဧပြီလမှ ဒီဇင်ဘာလထိ ထောက်ခံချက် (၁,၃၁၄) ခုထုတ်ပေးခဲ့ပြီး စုစုပေါင်းတန်ချိန် (၁,၅၄၅,၁၈၁) တင်သွင်းခဲ့ပါသည်။ ဒီဇင်ဘာလအတွင်း တန်ချိန် (၁၆၄,၅၉၉) တန် တင်သွင်းခဲ့သည်ကိုတွေ့ရပြီး အဆိုပါတင်သွင်းမှုတွင် နိုင်ထရိုဂျင် (၁၃၁,၃၄၀) တန်၊ ပိုတက်စီယမ် (၈,၀၈၅) တန်၊ ကွန်ပေါင်း (၂၁,၃၂၈) တန်၊ ဖော်လာ (၁,၄၄၇) တန်၊ ဩော်ဂဲနစ် (၁၀၀၀)၊ ဂျစ်ပဆမ် (၆၈၀)နှင့် အခြားမြေဩဇာစုစုပေါင်း (၇၁၉) တန် အသီးသီးပါဝင်ခဲ့ပါသည်။ (နောက်ဆက်တွဲ ဇယား -၈၊ ပုံ-၁၁)




ပုံ(၁၁)။ မြေဩဇာတင်သွင်းမှု တန်ချိန် နှိုင်းယှဉ်ပြဂရပ်

## (ဋ) သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၀၂၂-၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်မှ ဒီဇင်ဘာလ (၃၀) ရက်ထိ စုစုပေါင်းတင်သွင်းမှု ဒေါ်လာ (၁၂,၉၇၁.၈၃) သန်း ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၁၀,၄၂၈.၅၄)သန်း ရှိခဲ့သဖြင့် ဒေါ်လာသန်း (၂,၅၄၃.၂၉) (၂၄%) တိုးမြင့်တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၇)

ဇယား (၇)- ပြည်ပမှသွင်းကုန်တင်သွင်းမှု ကာလတူနှိုင်းယှဉ်ချက် အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၃၀-၁၂-၂၂)ထိ | | | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၁-၄-၂၀၂၁ မှ ၃၀-၁၂-၂၀၂၁)ထိ | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % |
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၇၈၀.၈၄ | ၁၈၈၅.၀၁ | ၂၆၆၅.၈၆ | ၄၁၁.၉၉ | ၂၁၁၃.၃၃ | ၂၅၂၅.၃၃ | ၃၆၈.၈၅ | -၂၂၈.၃၂ | ၁၄၀.၅၃ | ၆% |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၉၄.၈၉ | ၆၀၂၈.၁၂ | ၆၁၂၃.၀၁ | ၅၉.၅၁ | ၃၉၄၁.၁၁ | ၄၀၀၀.၆၂ | ၃၅.၃၉ | ၂၀၈၇.၀၀ | ၂၁၂၂.၃၉ | ၅၃% |
| ၃ | လူသုံးကုန်ပစ္စည်း | ၁၁၃.၇၅ | ၂၁၂၈.၅၇ | ၂၂၄၂.၃၃ | ၁၄.၆၃ | ၂၆၃၃.၁၉ | ၂၆၄၇.၈၂ | ၉၉.၁၂ | -၅၀၄.၆၂ | -၄၀၅.၄၉ | -၁၅% |
| ၄ | CMP | | ၁၉၄၀.၆၄ | ၁၉၄၀.၆၄ | | ၁၂၅၄.၇၇ | ၁၂၅၄.၇၇ | | ၆၈၅.၈၇ | ၆၈၅.၈၇ | ၅၅% |
| | စုစုပေါင်း | ၉၈၉.၄၉ | ၁၁၉၈၂.၃၄ | ၁၂၉၇၁.၈၃ | ၄၈၆.၁၃ | ၉၉၄၂.၄၀ | ၁၀၄၂၈.၅၄ | ၅၀၃.၃၅ | ၂၀၃၉.၉၄ | ၂၅၄၃.၃၀ | ၂၄% |

ကုန်စည်အုပ်စုလိုက် တင်သွင်းမှုအနေဖြင့် ယခုနှစ်တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၆,၁၂၃.၀၁) သန်းဖြင့် အများဆုံးနှင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၂,၆၆၅.၈၆) သန်းဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကိုတွေ့ရပြီး ယခင်နှစ် အလားတူကာလတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာသန်း (၄,၀၀၀.၆၂) ဖြင့် အများဆုံး၊ လူသုံးကုန်ပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ (၂,၆၄၇.၈၂)သန်းဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၇)

လယ်ယာကဏ္ဍ သွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများဖြစ်သည့် **စားအုန်းဆီ**မှာ ယခင်နှစ်ထက် တန်ချိန် (၂၀၃,၀၉၁)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၁၉၅.၉၅)သန်း၊ **ဂျုံစေ့** မှာ တန်ချိန် (၁၇၈,၃၀၄)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၃၈.၄၂) သန်း လျော့နည်းတင်သွင်းခဲ့ကိုတွေ့ရပြီး အခြားကုန်စည်များ ဖြစ်သော **ဂျုံမှုန့်**မှာ တန်ချိန်အားဖြင့် (၇,၄၈၆)တန် ၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၂.၆၁) သန်း နှင့် **ဓာတ်မြေသြဇာ**မှာ တန်ချိန်အားဖြင့် (၅၆၄၃၈)တန် နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၁၈၇.၆၃)သန်း တိုးမြင့် တင်သွင်းခဲ့သည်။ (ဇယား -၆)

## (၅) ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်

၂၀၂၁-၂၂ Mini Budget (အောက်တိုဘာလမှ မတ်လထိ) နှင့် ၂၀၁၈ Mini Budget (ဧပြီလမှ စက်တင်ဘာထိ) တို့၏ သွင်းကုန်တင်သွင်းမှုများကို နှိုင်းယှဉ်ပါက ၂၀၂၁-၂၂ Mini Budget တွင် စုစုပေါင်း ဒေါ်လာ (၇,၉၅၅.၂၆) သန်းတင်သွင်းခဲ့ပြီး ၂၀၁၈ Mini Budget တွင် ဒေါ်လာ (၉,၈၆၇.၇၈) သန်း တင်သွင်းခဲ့သဖြင့် ၂၀၂၁-၂၂ ခုနှစ်တွင် ၂၀၁၈ ခုနှစ်ထက် ဒေါ်လာ (၁,၉၁၂.၅၂) သန်း လျော့နည်း တင်သွင်းခဲ့ပါသည်။ (ဇယား-၈)

၂၀၂၁-၂၂ Mini Budget တွင် သွင်းကုန်များမှ လယ်ယာကဏ္ဍ သွင်းကုန်ပစ္စည်းဖြစ်သည့် **စားအုန်းဆီ** တန်ချိန် (၃၀၂,၃၆၂) နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၄၂၀.၇၈)သန်း၊ **ဓာတ်မြေဩဇာ**မှာ တန်ချိန် (၄၄၀,၃၁၇) နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၂၂၁.၇၂၅)သန်း၊ **ဂျုံစေ့** မှာ တန်ချိန် (၁၈၁,၈၄၀)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၆၈.၇၁)သန်း၊ **ဂျုံမှုန့်**မှာ တန်ချိန်အားဖြင့် (၂,၉၉၀)တန် ၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၁.၃၉) သန်း တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား -၉)


ဇယား (၈) - ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget သွင်းကုန်တင်သွင်းမှု
နှိုင်းယှဉ်ချက် အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ Mini Budget (ယာယီ) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| (က) | ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ | ၃၈၄၂.၄၅ | ၅၆၉၁.၉၅ | ၈၀၃၇.၅၆ | ၈၂၅၃.၈၉ | ၆၉၁၉.၃၉ | ၆၅၉၀.၄၁ | ၃၄၅၅.၃၄ | ၅၈၆၁.၄၅ | ၇၃၁၅.၃၃ | ၄၇၄၀.၄၇ | ၈၉၇ |
| (ခ) | လုပ်ငန်းသုံးကုန်ပစ္စည်းများ | ၃၇၂၈.၈၄ | ၅၆၈၄.၀၃ | ၅၆၈၂.၄၉ | ၄၈၂၀.၇၂ | ၆၁၆၅.၃၆ | ၇၆၈၅.၀၆ | ၃၇၆၅.၈၅ | ၇၃၇၉.၆၉ | ၆၈၇၃.၂၇ | ၅၄၃၃.၈၂ | ၈၃၃.၃၉ |
| (ဂ) | လူသုံးကုန်ပစ္စည်းများ | ၁၄၉၇.၆၂ | ၂၃၈၃.၅၂ | ၂၉၁၃.၁ | ၃၅၀၃.၃၅ | ၄၁၂၆.၃၁ | ၄၄၁၉.၄၃ | ၂၆၄၆.၅၉ | ၄၈၄၅.၄၇ | ၄၈၆၂.၂၆ | ၄၅၀၁.၇၆ | ၅၄၅.၂၅ |
| (ဃ) | CMP | - | - | - | - | - | - | - | - | - | - | ၂၀၅.၇၂ |
| | **စုစုပေါင်း** | ၉၀၆၈.၉၁ | ၁၃၇၅၉.၅၁ | ၁၆၆၃၃.၁၅ | ၁၆၅၇၇.၉ | ၁၇၂၁၁.၀၆ | ၁၈၆၉၄.၉ | ၉၈၆၇.၇၈ | ၁၈၀၈၆.၆ | ၁၉၀၅၀.၉ | ၁၄၆၈၆.၀၆ | ၇၉၅၅.၂၆ |

## (၃) ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၀၂၁ ကာလတူ (အောက်တိုဘာ မှ မတ်လ) သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်

ကုန်ပစ္စည်းအမျိုးအစားအလိုက် သွင်းကုန်တင်သွင်းမှုကို ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၁ ကာလတူ (အောက်တိုဘာလ မှ မတ်လ) နှိုင်းယှဉ်ပါက စုစုပေါင်း သွင်းကုန်တင်သွင်းမှုမှာ ၂၀၂၁-၂၂ တွင် အမေရိကန်ဒေါ်လာ (၇,၉၅၅.၂၆) သန်း တင်သွင်းခဲ့ပြီး၊ ၂၀၂၀-၂၁ တွင် (၇,၇၉၀.၅) သန်း တင်သွင်းခဲ့သဖြင့် ယခုနှစ်တွင် (၁၆၄.၇၁)သန်း ပိုမိုတင်သွင်းခဲ့သည်ကို တွေ့ရသည်။ ၂၀၂၁-၂၂ တွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ (၁,၂၈၈.၁၅) သန်း လျော့နည်းတင်သွင်းခဲ့ပြီး ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တန်ဖိုး (၉၉၈.၂၃) သန်း၊ လူသုံးကုန်ပစ္စည်း (၁၂၅.၅၃) သန်း နှင့် CMP (၃၂၉.၁) သန်း ပိုမို တင်သွင်းခဲ့သည်ကို တွေ့ရှိရပါသည်။(နောက်ဆက်တွဲဇယား-ဃ၊ ပုံ-၁၂)




ပုံ(၁၂)။ သွင်းကုန်တင်သွင်းမှု ကာလတူ နှိုင်းယှဉ်ပြဂရပ်

မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်အမယ် (၁၁)မျိုးအနက် လယ်ယာကဏ္ဍ သွင်းကုန်ဆိုင်ရာ ကုန်ပစ္စည်းဖြစ်သည့် **စားအုန်းဆီ**မှာ ယခင်နှစ်ထက် တန်ချိန်(၁၁၀,၉၂၁) လျော့နည်းတင်သွင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၅၂.၁၈၂) သန်းတိုးမြင့်လာခဲ့သည်ကို တွေ့ရသည်။ အခြားကုန်စည်များဖြစ်သော **ဂျုံမှုန့်** မှာ တန်ချိန် (၃,၈၃၂)၊ တန်ဖိုး ဒေါ်လာ (၀.၈၄၄) သန်း လျော့နည်းခဲ့သည်။ **ဂျုံစေ့**မှာ တန်ချိန် (၂၃,၂၉၅) လျော့နည်းတင်သွင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၁၂.၄၈၇) သန်းတိုးမြင့် တင်သွင်းခဲ့သည်။ **ဓာတ်မြေဩဇာ**မှာတန်ချိန်(၂၂၇,၀၈၀) လျော့နည်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၆၁.၈၆၂) သန်း တိုးမြင့်ခဲ့သည်ကို တွေ့ရသည်။ (ဇယား- ၉)

## ဇယား (၉) အဓိက ကုန်ပစ္စည်း(၁၁)မျိုး၏ တင်သွင်းမှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ယခုနှစ် (၂၀၂၁-၂၀၂၂) (အောက် မှ မတ်လ ထိ ) | ယခင်နှစ် (၂၀၂၀-၂၀၂၁) (အောက် မှ မတ်လ ထိ ) | ခြားနားချက် | |
|---|---|---|---|---|---|---|
| | | | | | ပမာဏ | % |
| | **စုစုပေါင်း** | **US$** | **၂၄၁၁.၅၂၉** | **၁၈၇၉.၆၁၇** | **၅၃၁.၉၁၂** | **၂၈%** |
| ၁ | ဒီဇယ် | US$ | ၁၁၉၅.၁၂၈ | ၆၄၆.၂၀၈ | ၅၄၈.၉၂ | ၈၅% |
| | | တန် | ၁၅၈၅၆၇၅ | ၁၆၂၅၅၇၄ | -၃၉၈၉၉ | -၂% |
| ၂ | ဓါတ်ဆီ | US$ | ၈၁၅.၄၀၄ | ၄၄၁.၆၆ | ၃၇၃.၇၄၄ | ၈၅% |
| | | တန် | ၉၈၁၈၈၁ | ၉၃၃၇၅၃ | ၄၈၁၂၈ | ၅% |
| ၃ | စားအုန်းဆီ | US$ | ၄၂၀.၇၇၈ | ၃၆၈.၅၉၆ | ၅၂.၁၈၂ | ၁၄% |
| | | တန် | ၃၀၂၃၆၂ | ၄၁၃၂၈၄ | -၁၁၀၉၂၂ | -၂၇% |
| ၄ | **မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း** | **US$** | **၁၇၈.၇၃၇** | **၄၅၁.၀၅** | **-၂၇၂.၃၁၃** | **-၆၀%** |
| | | **စီး** | **၄၇၀၅** | **၁၈၀၀၁** | **-၁၃၂၉၆.** | **-၇၄%** |
| | လူစီးယာဉ် | US$ | ၄၉.၅၀၁ | ၁၃၇.၉၅ | -၈၈.၄၄၉ | -၆၄% |
| | | စီး | ၂၃၄၈ | ၈၉၂၀ | -၆၅၇၂ | -၇၄% |
| | ဘတ်စ် | US$ | ၂.၀၄၃ | ၇.၉၉၇ | -၅.၉၅၄ | -၇၄% |
| | | စီး | ၁၃၂ | ၄၁၄ | -၂၈၂ | -၆၈% |
| | ထရပ် | US$ | ၉.၃၄၉ | ၄၈.၅၆၁ | -၃၉.၂၁၂ | -၈၁% |
| | | စီး | ၈၄၆ | ၃၉၃၁ | -၃၀၈၅ | -၇၈% |
| | ယန္တယား | US$ | ၉၃.၇၄၇ | ၁၉၉.၀၉၉ | -၁၀၅.၃၅၂ | -၅၃% |
| | | စီး | ၁၃၇၉ | ၄၇၃၆ | -၃၃၅၇ | -၇၁% |
| | ယာဉ်အပိုပစ္စည်း | US$ | ၂၄.၀၉၆ | ၅၇.၄၄၂ | -၃၃.၃၄၆ | -၅၈% |
| ၅ | ဘိလပ်မြေ | US$ | ၁၇.၈၂၅ | ၄၂.၈၃၂ | -၂၅.၀၀၇ | -၅၈% |
| | | တန် | ၂၀၇၄၈၃ | ၅၆၈၈၆၃ | -၃၆၁၃၈၀ | -၆၄% |
| ၆ | ဓာတ်မြေသြဇာ | US$ | ၂၂၁.၇၂၅ | ၁၅၉.၈၆၃ | ၆၁.၈၆၂ | ၃၉% |
| | | တန် | ၄၄၀၃၁၇ | ၆၆၇၃၉၇ | -၂၂၇၀၈၀ | -၃၄% |
| ၇ | ဂျုံစေ့ | US$ | ၆၈.၇၀၆ | ၅၆.၂၁၉ | ၁၂.၄၈၇ | ၂၂% |
| | | တန် | ၁၈၁၈၄၀ | ၂၀၅၁၃၄ | -၂၃၂၉၅ | -၁၁% |
| ၈ | ဂျုံမှုန့် | US$ | ၁.၃၈၅ | ၂.၂၂၉ | -၀.၈၄၄ | -၃၈% |
| | | တန် | ၂၉၉၀ | ၆၈၂၂ | -၃၈၃၂ | -၅၆% |
| ၉ | နို့ဆီ | US$ | ၁၀.၄၀၆ | ၁၁.၇၁၃ | -၁.၃၀၇ | -၁၁% |
| | | တန် | ၈၀၀၅ | ၁၀၂၆၀ | -၂၂၅၅ | -၂၂% |
| ၁၀ | နို့စိမ်း | US$ | ၁၃.၁၇၅ | ၁၇.၄၂၃ | -၄.၂၄၈ | -၂၄% |
| | | တန် | ၉၇၆၃ | ၁၄၂၄၅ | -၄၄၈၂ | -၃၁% |
| ၁၁ | နို့မှုန့် | US$ | ၁၉.၉၅၀ | ၁၈.၅၁၁ | ၁.၄၃၉ | ၈% |
| | | တန် | ၅၄၉၆ | ၇၇၃၁ | -၂၂၃၅ | -၂၉% |

## (ဃ) သုံးသပ်ချက်

၂၀၂၁-၂၂ **Mini Budget** (အောက်တိုဘာလမှ မတ်လထိ) နှင့် **၂၀၁၈ Mini Budget** (ဧပြီလ မှ စက်တင်ဘာထိ) တို့၏ ပို့ကုန်တင်ပို့မှုများကို နှိုင်းယှဉ်ရာတွင် ၂၀၂၁-၂၂ Mini Budget တွင် စုစုပေါင်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၈,၂၇၉.၄၄)သန်း တင်ပို့ခဲ့ပြီး ၂၀၁၈ Mini Budget တွင် ဒေါ်လာ (၈,၈၆၁.၀၃) သန်း တင်ပို့နိုင်ခဲ့သဖြင့် ၂၀၂၁-၂၂ Mini Budget တွင် ဒေါ်လာ (၅၈၁.၅၉) သန်း လျော့နည်းခဲ့သည်ကိုတွေ့ရသည်။ ထိုလျော့နည်းတင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ သစ်တောထွက်ပစ္စည်းအနည်းငယ်နှင့် တိရိစ္ဆာန်ထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ အခြားပစ္စည်းတို့ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ၂၀၂၁-၂၂ Mini Budget ပို့ကုန်တင်ပို့မှု စုစုပေါင်း၌ **လယ်ယာထွက်ပစ္စည်း** တင်ပို့မှုတန်ဖိုး ဒေါ်လာ (၂,၄၀၇.၈၆)သန်းတွင် -

- **ဆန်နှင့် ဆန်ကွဲ** ဒေါ်လာ (၄၄၄.၂၇)သန်း၊
- **ပဲအမျိုးမျိုး** ဒေါ်လာ (၈၃၀.၆၃)သန်း၊
- **ပြောင်း** ဒေါ်လာ (၃၆၈.၂၃)သန်း၊
- **နှမ်း** ဒေါ်လာ (၁၉၄.၁၉)သန်း၊
- **ရော်ဘာစိမ်း** ဒေါ်လာ (၂၈၇.၅) သန်း နှင့်
- **အခြားလယ်ယာထွက်ပစ္စည်း**တန်ဖိုး (၂၈၃.၀၅)သန်း ပါဝင်ခဲ့သည်ကို တွေ့ရသည်။

**(၂၀၂၁-၂၀၂၂)** နှင့် **(၂၀၂၀-၂၀၂၁) ကာလတူ (အောက်တိုဘာလ မှ မတ်လ)** ထိ မြန်မာနိုင်ငံ ပို့ကုန်တင်ပို့မှုကို နှိုင်းယှဉ်လေ့လာပါက (၂၀၂၁-၂၀၂၂) တွင် **လယ်ယာထွက်ပစ္စည်း** စုစုပေါင်း တင်ပို့မှုမှာ ဒေါ်လာ (၂,၄၀၇.၈၆) သန်း ရှိခဲ့ပြီး (၂၀၂၀-၂၀၂၁) ကာလတူတွင် ဒေါ်လာ (၂,၉၂၈.၁၄) သန်း ရှိခဲ့သဖြင့် ယခင်နှစ်ထက် တင်ပို့မှုစုစုပေါင်း ဒေါ်လာ (၅၂၀.၂၈) သန်း လျော့နည်း တင်ပို့ခဲ့သည်ကိုတွေ့ရသည်။ လယ်ယာထွက်ပစ္စည်းများ၏ ပို့ကုန်အမယ်အလိုက် တင်ပို့မှုမှာ ၂၀၂၁-၂၀၂၂ တွင် **ဆန်နှင့်ဆန်ကွဲ** ဒေါ်လာ(၄၄၄.၂၇) သန်း၊ **ပဲအမျိုးမျိုးတွင်** ဒေါ်လာ (၈၃၀.၆၃) သန်း၊ **ပြောင်းမှာ** ဒေါ်လာ (၃၆၈.၂၃) သန်း၊ **နှမ်း**မှာ ဒေါ်လာ (၁၉၄.၁၉) သန်း၊ **ရော်ဘာ** မှာ ဒေါ်လာ (၂၈၇.၅) သန်း နှင့် **အခြားသီးနှံ**များမှာ ဒေါ်လာ (၂၈၃.၀၅) သန်း အသီးသီးတင်ပို့ခဲ့ပြီး၊ ယခင်နှစ် အလားတူကာလ **(၂၀၂၀-၂၀၂၁) (အောက်တိုဘာလ မှ မတ်လ)** တွင်-

- ဆန်နှင့်ဆန်ကွဲမှာ ဒေါ်လာ (၄၂၈.၄၄) သန်း၊
- ပဲအမျိုးမျိုးမှာ ဒေါ်လာ (၈၀၆.၀၃) သန်း၊
- ပြောင်းမှာ ဒေါ်လာ (၃၃၁.၄၉) သန်း၊
- နှမ်းမှာ ဒေါ်လာ (၂၈၄.၄၇) သန်း၊
- ရာဘာမှာ ဒေါ်လာ (၂၇၈.၀၂) သန်းနှင့်

- အခြားသီးနှံများမှာ ဒေါ်လာ (၇၉၉.၇) သန်း အသီးသီးတင်ပို့ခဲ့သဖြင့် ယခုနှစ် **(၂၀၂၁-၂၀၂၂) (အောက်တိုဘာလ မှ မတ်လ)** တွင် ဆန်နှင့်ဆန်ကွဲ ဒေါ်လာ(၁၅.၈၃) သန်း၊ ပဲအမျိုးမျိုး ဒေါ်လာ (၂၄.၆) သန်း၊ ပြောင်း ဒေါ်လာ (၃၆.၇၄) သန်း၊ ရာဘာ ဒေါ်လာ (၉.၄၈) သန်း စီ အသီးသီးတိုးမြှင့်တင်ပို့ခဲ့ပြီး နှမ်းမှာ ဒေါ်လာ (၉၀.၂၈) သန်း နှင့် အခြားသီးနှံများမှာ ဒေါ်လာ (၅၁၆.၆၅) သန်း စီလျော့နည်းခဲ့သည်ကို သုံးသပ်တွေ့ရှိရပါသည်။

**အစီရင်ခံကာလဖြစ်သော ၁-၄-၂၀၂၂ မှ ၃၀-၁၂-၂၀၂၂** ထိ စုစုပေါင်းပို့ကုန်တင်ပို့မှု အနေဖြင့် ဒေါ်လာ (၁၂,၄၄၄.၆၄) သန်း တင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှာ ဒေါ်လာ (၂,၇၀၃.၉၃) သန်း ပါဝင်ခဲ့ပါသည်။ လယ်ယာထွက်ပစ္စည်းများမှ-

- **ဆန်** တင်ပို့မှုတွင် တန်ချိန် (၉၄၇,၆၇၈.၉၉) တင်ပို့နိုင်ခဲ့ပြီး ပင်လယ်ရေကြောင်းမှ တရုတ်၊ ပိုလန်၊ တူရကီ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း (၁၅)နိုင်ငံသို့ တင်ပို့မှုရှိကြောင်းနှင့် နယ်စပ်တင်ပို့မှုတွင် ချင်းရွှေဟော်စခန်း၊ လွယ်ဂျယ်စခန်း၊ မူဆယ်၊ ကန်ပိုက်တီနှင့် ကျိုင်းတုံစခန်း တို့မှလည်း တင်ပို့မှုရှိကြောင်း သိရှိရပါသည်။
- **ဆန်ကွဲ** တင်ပို့မှုတွင် တန်ချိန် (၅၈၈,၅၄၂.၈၁) တင်ပို့ခဲ့ပြီး ပင်လယ်ရေကြောင်းမှ တရုတ်၊ ဘယ်ဂျီလ်ယံနိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း (၆)နိုင်ငံသို့ တင်ပို့ခဲ့ပြီး နယ်စပ်တင်ပို့မှုတွင် မူဆယ်ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်စခန်းနှင့် ချင်းရွှေဟော်စခန်းတို့မှလည်း တင်ပို့မှုရှိကြောင်းတွေ့ရသည်။
- **ပြောင်း** တင်ပို့မှုတွင် တန်ချိန် (၁,၃၇၀,၄၄၁.၁၂) တင်ပို့ခဲ့ပြီး ပင်လယ်ရေကြောင်းမှ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နိုင်ငံများသို့ တင်ပို့လျက်ရှိပြီး နယ်စပ်စခန်းများဖြစ်သော လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကျိုင်းတုံစခန်းတို့မှ တင်ပို့မှုရှိကြောင်း သိရှိရပါသည်။
- **နှမ်း** တင်ပို့မှုတွင်လည်း တန်ချိန် (၆၈,၈၂၆.၇၃) တင်ပို့ခဲ့ပြီး ပင်လယ်ရေကြောင်းမှ တရုတ်၊ ထိုင်း၊ ဂျပန်နှင့် ထိုင်ဝမ်နိုင်ငံများသို့ တင်ပို့ခဲ့ပြီး၊ နယ်စပ်တင်ပို့မှုတွင် မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နှင့် ကျိုင်းတုံစခန်းများသို့ တင်ပို့မှုရှိကြောင်း သိရှိရပါသည်။
- **ရာဘာစိမ်း** တင်ပို့မှုတွင် တန်ချိန် (၁၇၇,၆၀၉.၁၁) တင်ပို့ခဲ့ပြီး ပင်လယ်ရေကြောင်းမှ မလေးရှား၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့မှုရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။
- **ပဲမျိုးစုံ** တင်ပို့မှုတွင် ယခင်နှစ်ကာလတူထက် တန်ချိန် (၁၇၀၄၃၈.၉၁) လျော့နည်းခဲ့ပြီး အစီရင်ခံကာလအတွင်း မတ်ပဲ တန်ချိန် (၅၁၈,၃၀၀.၄၆)၊ ပဲစင်းငုံ တန်ချိန် (၁၁၀၄၀၇.၆၆) နှင့် ပဲတီစိမ်း တန်ချိန် (၄၁၁,၂၇၃.၈၃) အသီးသီးတင်ပို့ခဲ့ပါသည်။

**သွင်းကုန်တင်သွင်းမှု** အနေဖြင့် **၁-၄-၂၀၂၂ မှ ၃၀-၁၂-၂၀၂၂ ထိ** စုစုပေါင်း ဒေါ်လာ (၁၂၉၇၁.၈၃) သန်းရှိခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ဒေါ်လာ (၂၅၄၃.၂၉) သန်း တိုးမြင့်

တင်သွင်းခဲ့သည်ကို တွေ့ရသည်။ ကုန်ပစ္စည်းအလိုက် တင်သွင်းမှုတွင် **စားအုန်းဆီ**မှာ ယခင်နှစ်ကာလတူထက် တန်ချိန် (၂၀၃,၀၉၁)၊ တန်ဖိုး ဒေါ်လာ(၁၉၅.၉၅)သန်း လျော့နည်းတင်သွင်းခဲ့ကြောင်းနှင့် **ဓာတ်မြေသြဇာ**မှာ တန်ချိန် (၅၆,၄၃၈) ပိုမိုတင်သွင်းခဲ့ပြီး၊ တန်ဖိုး ဒေါ်လာအားဖြင့် (၁၈၇.၆၃) သန်း တိုးမြင့်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ရေထွက်ပစ္စည်းတင်ပို့မှု**တွင် ၂၀၂၂-၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ငါး၊ ပုဇွန်နှင့် အခြားရေထွက်ပစ္စည်းစုစုပေါင်း တန်ချိန် (၄၆,၁၇၇.၂၃)၊ တန်ဖိုး ဒေါ်လာ (၆၄.၁) သန်းနှင့် ယခင်နှစ်အလားတူကာလတွင် တန်ချိန် (၅၄,၀၉၃.၆၃)၊ တန်ဖိုး ဒေါ်လာ (၈၀.၈) သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန် (၇၉၁၆.၄၀) နှင့် တန်ဖိုးအားဖြင့်(၁၆.၇၁) သန်းလျော့နည်း တင်ပို့ခဲ့သည်ကိုတွေ့ရသည်။

## (ဏ) နိဂုံး

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ပို့ကုန်တင်ပို့မှု (လယ်ယာထွက်ကုန်ပို့ကုန်အခြေအနေ၊ ပဲမျိုးစုံတင်ပို့နိုင်မှု) အခြေအနေ၊ တင်သွင်းမှု (ကုန်ပစ္စည်းအုပ်စုအလိုက်တင်သွင်းမှု) အခြေအနေနှင့် ရေထွက်ပစ္စည်းတင်ပို့မှုများအား သိရှိနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်။

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

နောက်ဆက်တွဲဇယား-က

## ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးအခြေပြဇယား

## ၂၀၁၂ -၂၀၁၃ မှ ၂၀၂၂ -၂၃ (၁-၄-၂၀၂၂ မှ ၃၀-၁၂-၂၀၂၂ ထိ)

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂(Mini Budget) (ယာယီ) | ၂၀၂၂-၂၀၂၃ (၁-၄-၂၀၂၂ မှ ၃၀-၁၂-၂၀၂၂)ထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၆၉၆.၇၄ | ၂၆၆၁.၀၁ | ၂၉၁၉.၆၆ | ၂၆၁၅.၇၇ | ၂၉၂၈.၁၀ | ၃၀၈၇.၁၂ | ၁၂၇၈.၇၆ | ၃၂၆၁.၅၉ | ၃၇၂၅.၇၀ | ၄၆၂၄.၂၀ | ၂၄၀၇.၈၆ | ၂၇၀၃.၉၃ |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၃၂.၈၉ | ၁၅.၄၂ | ၈.၂၉ | ၈.၀၁ | ၁၀.၆၃ | ၆၁.၀၀ | ၁၇၈.၃၂ | ၃၆၆.၃၆ | ၁၀၇.၇၄ | ၁၈.၉ | ၅.၃၆ | ၁၈.၇၃ |
| ၃ | ရေထွက်ပစ္စည်း | ၆၂၄.၁၈ | ၅၁၆.၀၄ | ၄၂၁.၀၄ | ၄၆၉.၅၂ | ၅၈၁.၅၂ | ၆၉၉.၀၄ | ၂၉၈.၁၅ | ၇၃၂.၁၆ | ၈၅၈.၉၆ | ၇၈၅.၀၂ | ၄၈၁.၅၈ | ၅၄၈.၇၃ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၃၉၉.၀၆ | ၁၃၃၉.၄၆ | ၁၄၉၈.၈၈ | ၉၆၈.၃၅ | ၁၀၁၀.၇၈ | ၁၇၈၄.၀၂ | ၁၀၄၉.၁၈ | ၁၄၆၅.၄၆ | ၁၈၇၀.၈၄ | ၈၉၅.၆၁ | ၂၈၄.၀၇ | ၂၂၂.၃၄ |
| ၅ | သစ်တောထွက်ပစ္စည်း | ၅၉၅.၆၅ | ၉၄၈.၀၃ | ၉၄.၄ | ၂၁၂.၄၈ | ၂၄၇.၀၀ | ၂၁၂.၁၂ | ၉၅.၂၁ | ၁၇၄.၇၈ | ၁၅၄.၀၇ | ၁၂၈.၀၇ | ၈၃.၉ | ၁၁၈.၇၄ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၄၉၂.၈၇ | ၄၆၃၇.၅ | ၆၅၂၄.၆၁ | ၅၇၃၄.၄၆ | ၅၄၇၇.၅၁ | ၆၉၇၉.၈၁ | ၄၆၇၂.၅၈ | ၁၀၂၉၀.၉၆ | ၉၉၉၇.၁၉ | ၈၂၅၃.၄၁ | ၄၆၈၄.၅၄ | ၈၄၇၀.၀၀ |
| ၇ | အခြားပစ္စည်း | ၁၃၅.၆၄ | ၁၀၈၆.၅ | ၁၀၅၆.၈၅ | ၁၁၂၈.၂၉ | ၁၇၄၃.၀၀ | ၂၀၆၀.၀၅ | ၁၂၈၈.၈၃ | ၇၆၉.၁၀ | ၉၆၆.၆၀ | ၆၅၈.၀၇ | ၃၃၂.၁၃ | ၃၆၂.၁၇ |
| | စုစုပေါင်း | ၈၉၇၇ .၀၃ | ၁၁၂၀၃ .၉၆ | ၁၂၅၂၃ .၇၃ | ၁၁၁၃၆..၈၉ | ၁၁၉၉၈ .၅၅ | ၁၄၈၈၃ .၁၆ | ၈၈၆၁.၀၃ | ၁၇၀၆၀ .၄၁ | ၁၇၆၈၁.၀၉ | ၁၅၃၆၃.၂၈ | ၈၂၇၉.၄၄ | ၁၂၄၄၄.၆၄ |

နောက်ဆက်တွဲဇယား-ခ

## အဓိကလယ်ယာထွက်ကုန်အမယ်များ၏ တင်ပို့နိုင်မှု အခြေပြဇယား

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အမျိုးအမည် | ၂၀၁၆-၁၇ (ပြေီမှ မတ်) | ၂၀၁၇-၁၈ (ပြေီမှ မတ်) | ၂၀၁၈ (Mini Budget) (ပြေီ မှ စက်) | ၂၀၁၈-၁၉ (အောက် မှ စက်) | ၂၀၁၉-၂၀ (အောက် မှ စက်) | ၂၀၂၀-၂၁ (အောက် မှ စက်) | ၂၀၂၁-၂၂ (Mini Budget) (အောက် မှ မတ်) |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန်၊ဆန်ကွဲ | ၅၅၃.၉၆ | ၁၁၄၂.၄ | ၃၉၀.၉၁ | ၇၀၉.၇ | ၇၉၄.၃၉ | ၇၀၀.၁၃ | ၄၄၄.၂၇ |
| ၂ | ပဲအမျိုးမျိုး | ၁,၃၉၈.၉၁ | ၈၈၆.၇၂ | ၃၉၇.၆၁ | ၁,၀၂၆.၃၁ | ၁,၁၉၅.၈၁ | ၁,၅၇၀.၇၃ | ၈၃၀.၆၃ |
| ၃ | ပြောင်း | ၂၅၂.၅၉ | ၂၉၄.၅၀ | ၈၄.၃၇ | ၂၇၇.၀၈ | ၃၆၈.၃၇ | ၅၃၆.၃၄ | ၃၆၈.၂၃ |
| ၄ | နှမ်း | ၁၄၅.၆၉ | ၁၄၇.၀၆ | ၃၆.၄၄ | ၁၉၃.၆၂ | ၂၇၉.၃၉ | ၃၃၈.၉၈ | ၁၉၄.၁၉ |
| ၅ | ရာဘာ | ၁၉၇.၃၆ | ၁၉၃.၇၅ | ၈၈.၃၆ | ၂၅၇.၇၅ | ၂၆၄.၄၄ | ၄၃.၇၆ | ၂၈၇.၅ |
| ၆ | အခြား | ၃၇၉.၅၉ | ၄၂၂.၇ | ၂၈၁.၀၇ | ၇၉၇.၁၄ | ၈၂၃.၃၀ | ၁၄၃၄.၁၉ | ၂၈၃.၀၅ |
| | စုစုပေါင်း | ၂,၉၂၈.၁၀ | ၃,၀၈၇.၁၂ | ၁,၂၇၈.၇၆ | ၃,၂၆၁.၅၉ | ၃,၇၂၅.၇ | ၄,၆၂၄.၁၃ | ၂,၄၀၇.၈၆ |

## အဓိကလယ်ယာထွက်ကုန်အမယ်များ၏ နှစ်အလိုက်တင်ပို့နိုင်မှု အခြေပြဇယား

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အမျိုးအမည် | ၂၀၁၆-၁၇ (ပြေီမှ မတ်) | ၂၀၁၇-၁၈ (ပြေီမှ မတ်) | ၂၀၁၈(Mini Budget) (ပြေီမှ စက်) | ၂၀၁၈-၁၉ (အောက်မှ စက်) | ၂၀၁၉-၂၀ (အောက် မှ စက်) | ၂၀၂၀-၂၁ (အောက် မှ စက်) | ကာလတူနှိုင်းယှဉ်ချက် | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | ၂၀၂၁-၂၂ (အောက် မှ မတ်) | ၂၀၂၀-၂၁ (အောက် မှ မတ်) | ခြားနားချက် |
| ၁ | ဆန်၊ဆန်ကွဲ | ၅၅၃.၉၆ | ၁၁၄၂.၄ | ၃၉၀.၉၁ | ၇၀၉.၇ | ၇၉၄.၃၉ | ၇၀၀.၁၃ | ၄၄၄.၂၇ | ၄၂၈.၄၄ | ၁၅.၈၃ |
| ၂ | ပဲအမျိုးမျိုး | ၁,၃၉၈.၉၁ | ၈၈၆.၇၂ | ၃၉၇.၆၁ | ၁,၀၂၆.၃၁ | ၁,၁၉၅.၈၁ | ၁,၅၇၀.၇၃ | ၈၃၀.၆၃ | ၈၀၆.၀၃ | ၂၄.၆ |
| ၃ | ပြောင်း | ၂၅၂.၅၉ | ၂၉၄.၅၀ | ၈၄.၃၇ | ၂၇၇.၀၈ | ၃၆၈.၃၇ | ၅၃၆.၃၄ | ၃၆၈.၂၃ | ၃၃၁.၄၉ | ၃၆.၇၄ |
| ၄ | နှမ်း | ၁၄၅.၆၉ | ၁၄၇.၀၆ | ၃၆.၄၄ | ၁၉၃.၆၂ | ၂၇၉.၃၉ | ၃၃၈.၉၈ | ၁၉၄.၁၉ | ၂၈၄.၄၇ | -၉၀.၂၈ |
| ၅ | ရာဘာ | ၁၉၇.၃၆ | ၁၉၃.၇၅ | ၈၈.၃၆ | ၂၅၇.၇၅ | ၂၆၄.၄၄ | ၄၃.၇၆ | ၂၈၇.၅ | ၂၇၈.၀၂ | ၉.၄၈ |
| ၆ | အခြား | ၃၇၉.၅၉ | ၄၂၂.၇ | ၂၈၁.၀၇ | ၇၉၇.၁၄ | ၈၂၃.၃၀ | ၁၄၃၄.၁၉ | ၂၈၃.၀၅ | ၇၉၉.၇ | -၅၁၆.၆၅ |
| | စုစုပေါင်း | ၂,၉၂၈.၁၀ | ၃,၀၈၇.၁၂ | ၁,၂၇၈.၇၆ | ၃,၂၆၁.၅၉ | ၃,၇၂၅.၇ | ၄,၆၂၄.၁၃ | ၂,၄၀၇.၈၆ | ၂,၉၂၈.၁၄ | -၅၂၀.၂၈ |

## ၂၀၂၂–၂၀၂၃ ခုနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ စိုက်ပျိုးရေးသွင်းအားစု မြေသြဇာများ တင်သွင်းမှုအခြေအနေ

| စဉ် | အမျိုးအစား | ဧပြီလ | | မေလ | | ဇွန်လ | | ဇူလိုင်လ | | ဩဂုတ်လ | | စက်တင်ဘာလ | | အောက်တိုဘာလ | | နိုဝင်ဘာလ | | ဒီဇင်ဘာလ | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် |
| ၁ | Nitrogen | ၁၅၉၇၁ | ၃၅ | ၆၂၅၉၃ | ၅၀ | ၄၉၂၁၀ | ၇၆ | ၁၆၀၈၂၄ | ၆၉ | ၂၄၄၄၆၃ | ၇၄ | ၁၁၂၁၆၈ | ၄၃ | ၆၅၄၉၀ | ၂၄ | ၁၃၄၈၈၅ | ၂၈ | ၁၃၁၃၄၀ | ၃၇ | ၉၇၆၉၄၄ | ၄၃၆ |
| ၂ | Phosphate | ၁၂၅၆ | ၁ | ၄၃၈၁ | ၄ | ၁၄၂၀ | ၁ | ၆၂၅၀ | ၅ | ၂၃၀၀၀ | ၇ | ၂၆၇၅၀ | ၆ | ၇၀၀၀ | ၂ | ၃၀၀၀၀ | ၉ | | | ၁၀၁၀၅၇ | ၃၅ |
| ၃ | Potassium | ၁၃၅ | ၄ | ၁၀၂၀ | ၃ | ၂၈၀၅ | ၆ | ၂၀၅၉ | ၄ | ၃၅၀ | ၁ | ၃၂၅ | ၃ | ၇၀၀ | ၂ | ၈၉၀၀ | ၇ | ၈၀၈၅ | ၈ | ၂၄၃၈၉ | ၃၈ |
| ၄ | Compound | ၁၆၁၀၆ | ၄၅ | ၅၅၀၅၃ | ၃၆ | ၁၉၅၆၇ | ၅၂ | ၇၃၆၉၉ | ၅၇ | ၃၉၉၃၇ | ၅၄ | ၄၆၄၁၁ | ၃၇ | ၅၃၉၂၀ | ၂၅ | ၇၆၃၂၄ | ၂၃ | ၂၁၃၂၈ | ၁၉ | ၄၀၂၃၄၅ | ၃၄၈ |
| ၅ | Follar | ၁၉၃ | ၂၀ | ၄၅၇ | ၂၈ | ၅၇ | ၄၇ | ၈၄၆ | ၆၂ | ၅၄၄ | ၅၀ | ၁၉၇၇ | ၈၁ | ၁၁၁၄ | ၂၃ | ၁၉၂ | ၁၄ | ၁၄၄၇ | ၂၈ | ၆၈၂၇ | ၃၅၃ |
| ၆ | Organic | ၂၉၁ | ၂ | ၇၇ | ၂ | ၇၁၃ | ၅ | ၂၅၈ | ၃ | ၂၁၀၆ | ၃ | ၃၁၄ | ၃ | ၃၈၂ | ၁ | ၇၄၀ | ၃ | ၁၀၀၀ | ၂ | ၅၈၈၁ | ၂၄ |
| ၇ | Gypsum | ၆၄ | ၁ | ၁၉၂ | ၂ | ၁၆၀ | ၂ | | | | | ၃၈၄ | ၁ | | | | | ၆၈၀ | ၃ | ၁၄၈၀ | ၉ |
| ၈ | Other | ၄၇ | ၈ | ၃၅၃ | ၉ | ၂၁ | ၁၀ | ၄၆၀ | ၆ | ၂၁၂၈ | ၁၁ | ၁၁၉၈၃ | ၁၁ | ၈၉၇ | ၇ | ၉၆၅၀ | ၅ | ၇၁၉ | ၄ | ၂၆၂၅၈ | ၇၁ |
| စုစုပေါင်း | | ၃၄၀၆၃ | ၁၁၆ | ၁၂၄၁၂၆ | ၁၃၄ | ၇၃၉၆၃ | ၁၉၉ | ၂၄၄၃၉၆ | ၂၀၆ | ၃၁၂၅၂၈ | ၂၀၀ | ၂၀၀၃၁၂ | ၁၈၅ | ၁၂၉၅၀၃ | ၈၄ | ၂၆၁၆၉၁ | ၈၉ | ၁၆၄၅၉၉ | ၁၀၀ | ၁၅၄၅၁၈၁ | ၁၃၁၄ |

အရင်းအမြစ်။ မြေအသုံးချရေးဌာနခွဲ၊ MOALI

နောက်ဆက်တွဲဇယား-ဃ

## ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၁ ကာလတူ (အောက်တိုဘာ မှ မတ်လထိ)
## သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အမျိုး အမည် | ၂၀၁၆-၁၇ (ဧပြီမှ မတ်) | ၂၀၁၇-၁၈ (ဧပြီမှ မတ်) | ၂၀၁၈ (Mini Budget) (ဧပြီ မှ စက်) | ၂၀၁၈-၁၉ (အောက်မှ စက်) | ၂၀၁၉-၂၀ (အောက် မှ စက်) | ၂၀၂၀-၂၁ (အောက် မှ စက်) | ကာလတူနှိုင်းယှဉ်ချက် ၂၀၂၁-၂၂ (အောက် မှ မတ်) | ၂၀၂၀-၂၁ (အောက် မှ မတ်) | ခြားနား ချက် |
|---|---|---|---|---|---|---|---|---|---|---|
| (က) | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၆,၉၁၉.၃၉ | ၆,၅၉၀.၄၁ | ၃,၄၅၅.၃၄ | ၅,၈၆၁.၄၅ | ၇,၃၁၅.၃၃ | ၄,၇၄၀.၄၇ | ၁,၄၉၂.၁၇ | ၂,၇၈၀.၃၁ | -၁,၂၈၈.၁၅ |
| (ခ) | လုပ်ငန်းသုံးကုန်ပစ္စည်းများ | ၆,၁၆၅.၃၆ | ၇,၆၈၅.၀၆ | ၃,၇၆၅.၈၅ | ၇,၃၇၉.၆၉ | ၆,၈၇၃.၂၇ | ၅,၄၃၃.၈၂ | ၃,၅၇၃.၀၆ | ၂,၅၇၄.၈၃ | ၉၉၈.၂၃ |
| (ဂ) | လူသုံးကုန်ပစ္စည်းများ | ၄,၁၂၆.၃၁ | ၄,၄၁၉.၄၃ | ၂,၆၄၆.၅၉ | ၄,၈၄၅.၄၇ | ၄,၈၆၂.၂၆ | ၄,၅၀၁.၇၆ | ၁,၇၄၅.၆၇ | ၁,၆၂၀.၁၅ | ၁၂၅.၅၃ |
| (ဃ) | CMP | - | - | - | - | - | - | ၁,၁၄၄.၃၅ | ၈၁၅.၂၆ | ၃၂၉.၁ |
| | စုစုပေါင်း | ၁၇,၂၁၁.၀၆ | ၁၈,၆၉၄.၉ | ၉,၈၆၇.၇၈ | ၁၈,၀၈၆.၆ | ၁၉,၀၅၀.၉ | ၁၄,၆၈၆.၀၆ | ၇,၉၅၅.၂၆ | ၇,၇၉၀.၅၅ | ၁၆၄.၇၁ |

## ပို့ကုန်အုပ်စုအလိုက် ယခင်နှစ်ကာလတူ
## တင်ပို့နိုင်မှု (နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်) နှိုင်းယှဉ်မှုအခြေအနေ

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၃၀-၁၂-၂၀၂၂)ထိ နိုင်ငံပိုင် | ပုဂ္ဂလိက ပိုင် | ပေါင်း | % | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၁-၄-၂၀၂၁ မှ ၃၀-၁၂-၂၀၂၁)ထိ နိုင်ငံပိုင် | ပုဂ္ဂလိက ပိုင် | ပေါင်း | % | တိုး(+)/လျော့(-) နိုင်ငံပိုင် | ပုဂ္ဂလိက ပိုင် | ပေါင်း | % |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာကဏ္ဍပို့ကုန် | ၀. | ၃၂၇၁.၃၉ | ၃၂၇၁.၃၉ | ၂၆% | ၀. | ၃၂၅၇.၆၆ | ၃၂၅၇.၆၆ | ၃၀% | | ၁၂.၇၂ | ၁၂.၇၂ | -၄% |
| | လယ်ယာထွက်ပစ္စည်း | | ၂၇၀၃.၉၃ | ၂၇၀၃.၉၃ | ၂၂% | | ၂၆၇၂.၃၁ | ၂၆၇၂.၃၁ | ၂၅% | | ၃၁.၆၂ | ၃၁.၆၂ | -၃% |
| | တိရိစ္ဆာန်ထွက်ပစ္စည်း | | ၁၈.၇၃ | ၁၈.၇၃ | ၀.၁၅% | | ၅.၂၅ | ၅.၂၅ | ၀.၀၅% | | ၁၃.၄၈ | ၁၃.၄၈ | ၀.၁% |
| | ရေထွက်ပစ္စည်း | | ၅၄၈.၇၃ | ၅၄၈.၇၃ | ၄.၄% | | ၅၈၀.၁၁ | ၅၈၀.၁၁ | ၅.၄% | | -၃၁.၃၈ | -၃၁.၃၈ | -၁.၀% |
| ၂ | သတ္တုတွင်းထွက်ပစ္စည်း | ၁၆.၁၅ | ၂၀၆.၁၉ | ၂၂၂.၃၄ | ၁.၈% | ၃၆.၇၆ | ၄၈၃.၀ | ၅၁၉.၇၆ | ၄.၈% | -၂၀.၆၁ | -၂၇၆.၈၁ | -၂၉၇.၄၂ | -၃.၀၆% |
| ၃ | သစ်တောထွက်ပစ္စည်း | ၂.၂၆ | ၁၁၆.၄၉ | ၁၁၈.၇၄ | ၁% | ၁.၂၇ | ၁၀၂.၂ | ၁၀၃.၄၈ | ၁% | ၀.၉၈ | ၁၄.၂၈ | ၁၅.၂၇ | -၀.၀၁% |
| ၄ | စက်မှုကုန်ချောပစ္စည်း | ၂၉၆၉.၆၈ | ၅၅၀၀.၃၂ | ၈၄၆၉.၉၉ | ၆၈% | ၂၁၉၁.၄၆ | ၄၀၂၃.၁၅ | ၆၂၁၄.၆၂ | ၅၈% | ၇၇၈.၂၂ | ၁၄၇၇.၁၇ | ၂၂၅၅.၃၈ | ၁၀% |
| ၅ | အခြား | ၁၁၀.၉၁ | ၂၅၁.၂၆ | ၃၆၂.၁၇ | ၃% | ၂၆၅.၆၅ | ၃၆၀.၈၁ | ၆၂၆.၄၆ | ၅.၈% | -၁၅၄.၇၄ | -၁၀၉.၅၅ | -၂၆၄.၂၉ | -၂.၉% |
| | စုစုပေါင်း | ၃၀၉၈.၉၉ | ၉၃၄၅.၆၄ | ၁၂၄၄၄.၆၄ | ၁၀၀% | ၂၄၉၅.၁၄ | ၈၂၂၆.၈၃ | ၁၀၇၂၁.၉၇ | ၁၀၀% | ၆၀၃.၈၅ | ၁၁၁၈.၈၁ | ၁၇၂၂.၆၇ | ၁၆% |

**နောက်ဆက်တွဲ ပုံ(၁)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလလယ်ယာဏ္ဍာပို့ကုန် ပါဝင်မှု တန်ဖိုးပါဝင်မှု**

